မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ ၂၀၀၈ ခုနှစ်၊ မတ် ၂၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၇၆)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်သည် ပြည်သူ၊ ပြည်သူသည် တပ်မတော်

သားကောင်းရတနာတွေဖြစ်တဲ့ ရဲဘော်တို့ဟာ အပါး(၆၀)သော ပြည်သူ့တပ်မတော်သား ကျင့်ဝတ်နဲ့အညီ ကျင့်ကြံနေထိုင်ကြရမယ်။ တပ်မတော်ဟာလဲ ပြည်သူ၊ ပြည်သူဟာလဲ တပ်မတော် ဖြစ်တာကြောင့် ဒီနိုင်ငံတော်ဟာ မည်သည့်အန္တရာယ်မျိုးကိုမဆို တွန်းလှန်နိုင်မှာဖြစ်ကြောင်း ပြောကြားလိုတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၂) နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ-

ပဲခူးတိုင်း အုတ်တွင်းမြို့နယ်၌ လယ်မြေကေတစ်သိန်းကို အကျိုးပြုမည့် ခပေါင်းရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်ပေးမည့် ရေအားလျှပ်စစ်စက်ရုံဖွင့်လှစ်

နွေစပါး တိုးတက်စိုက်ပျိုးနိုင်ပြီး လူမှုစီးပွားဘဝနှင့် စက်မှုကဏ္ဍများ မြင့်မားလာမည်

နေပြည်တော် မတ် ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ယနေ့နံနက်ပိုင်းတွင် ဖွင့်လှစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၅)က တာဝန်ယူတည်ဆောက်ခဲ့သော ပဲခူးတိုင်း အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ခပေါင်းရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

ရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)သည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် ပဲခူးတိုင်း အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း တောင်ငူခရိုင် တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့မှ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ CHMC နှင့် CNEEC တို့မှ ပညာရှင်များ၊ တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့မှ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုးတက်စိုက်ပျိုး

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားရာတွင် ပဲခူးတိုင်းသည် မိုးတွင်း၌ မိုးစပါးအတွက် စိုက်ပျိုးရေ၊ မိုးရေလုံလောက်မှုရှိသော်လည်း နွေရာသီတွင် စိုက်ပျိုးရေအခက်အခဲကြောင့် နွေစပါးကို ချောင်းပိတ် မြောင်းပိတ်စနစ်ဖြင့်သာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခု ခပေါင်းရေလှောင်တမံကြီး ပြီးစီးသွားပြီဖြစ်သည့်အတွက် လိုအပ်လျှင် မိုးစပါးအတွက် ပျိုးထောင်ရေ၊ အောင်ရေ စသည့် ဖြည့်စွက်ရေကို

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ခပေါင်းရေလှောင်တမံကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၂၄ ရက်)

နိုင်ငံတော်နှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်သည့် သမိုင်းအစဉ်အလာကြီးမားသော တပ်မတော်

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ပေါက်ဖွားလာခဲ့ပြီး တိုင်းရင်းသား မိဘပြည်သူများ၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူများနှင့်အတူ အရယူပေးခဲ့သော တပ်မတော်သည် ယနေ့ကာလတွင် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ် လုံခြုံရေးကိုပါ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ အမျိုးသားရေးကို အသက်ပေးပြီး ကာကွယ်ခဲ့ကြသည့်အတွက် မျိုးချစ်တပ်မတော်ဟူသည့် အစဉ်အလာကို ရရှိခဲ့သည်။

တပ်မတော်သည် အဓိကတာဝန်ကြီးသုံးရပ်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တို့ကိုလည်း ထမ်းဆောင်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ သစ္စာကို အမြဲတမ်းစောင့်သိရိုသေပြီး ဒို့တာဝန်အရေးသုံးပါး ထာဝစဉ် ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော တပ်မတော်အဖြစ် တည်ဆောက်နေသည်။

သမိုင်းအစဉ်အလာကြီးမားသည့် တပ်မတော်သည် မျက်မှောက်ကာလတွင်လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း ဖော်ဆောင်လျက်ရှိသည်။

တပ်မတော်သားများသည် စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာစသည့် အခြေခံအရည်အချင်းငါးပါးနှင့် ပြည့်စုံနေစေရေး အစဉ်လေ့ကျင့်ကြိုးပမ်းလျက်ရှိသည်။ ယင်းသို့ အရည်အချင်းများဖြင့် ပြည့်ဝနေသော တပ်မတော်သည် နိုင်ငံတော်၏ ပိုင်နက်နယ်နိမိတ်နှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အကြွင်းမဲ့ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာ့တပ်မတော်သည် သမိုင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံတော်ကာကွယ်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ဖွဲ့၊ လုံ့လ၊ ဝီရိယစွမ်းအားဖြင့် ရှုပ်ရှုပ်ချွံချွံ ထမ်းဆောင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်တွင် အထူးသန့်စင်ခန်း ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ အောင်မြေရတနာလမ်း အမှတ် ၄၂နေ ဦးဝင်းအောင်-ဒေါ်ကြည်လေးမိသားစုက အလှူငွေကျပ် လေးသိန်းလှူဒါန်းရာ ဥက္ကဋ္ဌဦးကျော်ဦးက လက်ခံယူစဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါပအထူးဆယ်ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နတ်မောက်လမ်း အမှတ် ၈၂ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါပအထူးတရားစခန်းပွဲကို မတ် ၂၇ရက်မှ ဧပြီ ၅ရက် (တပေါင်းလပြည့်ကျော် ၆ရက်မှ ၁၅ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ ဝမ်းသာရွှေကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလက ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကိုဟောကြားမည် ဖြစ်သည်။ တရားစခန်း ဝင်လိုသူများသည် မတ် ၇ရက်တွင် စာရင်းပေးသွင်းရမည်။ အသေးစိတ်သိလိုပါက ဖုန်း-၅၄၁၈၆၀သို့ စုံစမ်းနိုင်ပြီး ဘောဇနဆောင်အတွက်စုပေါင်းဆောင်ရွက်နိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်နိုင်ရန်အတွက် ပြည်တော်သာရပ် ချမ်းမြေ့သာစည် မန္တလေးမြို့နေ ဦးမြင့်ဌေး-ဒေါ်အေးအေးမြင့်၊ သား မောင်သီဟဇော် (စိမ်ရောင်ထွန်းကျောက်မျက်ကုမ္ပဏီ)မိသားစုက အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးတင်ဦး၊ ဦးခင်မောင်အေးနှင့် ဦးစောကြိုင်တို့က လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာ ၁၀ရက် စခန်းပွဲ

ရန်ကုန် မတ် ၂၃

ရန်ကုန်တိုင်း တာမွေမြို့နယ် မာန်အောင်ရပ်ကွက် လေးထောင့်ကန်လမ်းမရှိ မိုးကုတ်ဝိပဿနာ အေးရိပ်သာကျောင်းတိုက်အဖွဲ့ခွဲ အမှတ်(၃၁၈)အတွင်း နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း၁၀ရက်တရားစခန်းပွဲကို ၁၃၆၉ခု တန်ခူးလဆန်း ၁ရက်မှ ၁၁ရက် (ဧပြီ ၆ရက်မှ ၁၆ရက်)အထိ ကျင်းပမည် ဖြစ်သည်။

တရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဦးစီးပဓာနနာယက ပြည်တွင်း၊ ပြည်ပ သာသနာပြု ဆရာတော် ရွှေမန်းဦးသူရိယ(အစိုးရဓမ္မာစရိယ) (မဟာကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ) အရှင်သူမြတ်က ခန္ဓာဉာဏ်ရောက် သစ္စာလေးပါး အလုပ်ပေးတရားတော်များ ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများ ဖုန်း-၅၄၅၄၁၅သို့ ကြိုတင်စာရင်းပေးသွင်းပြီး ဧပြီ ၆ရက် ညနေ ၅နာရီအရောက် လာကြရမည်ဖြစ်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၄-၃-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၆။	မျိုးချစ်တပ်မတော်
၄:၅၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၂၀	၈။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၅:၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅:၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၃၀	၁၄။	**(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် အဖျော်ဖြေသား** (ပထမပိုင်း) အကယ်ဒမီ မင်းမော်ကွန်း၊ ထွန်းထွန်း၊ အကယ်ဒမီ အောင်ခိုင်၊ အကယ်ဒမီ နန္ဒာလှိုင်နှင့် အကယ်ဒမီ ပန်းဖြူ ဒါရိုက်တာ- အကယ်ဒမီ ပန်းချီစိုးမိုး၊
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	**(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် အဖျော်ဖြေသား** (ဒုတိယပိုင်း) အကယ်ဒမီ မင်းမော်ကွန်း၊ ထွန်းထွန်း၊ အကယ်ဒမီ အောင်ခိုင်၊ အကယ်ဒမီ နန္ဒာလှိုင်နှင့် အကယ်ဒမီ ပန်းဖြူ ဒါရိုက်တာ- အကယ်ဒမီ ပန်းချီစိုးမိုး

ညောင်လေးပင်မြို့နယ်အသင်း (ရန်ကုန်) ဂုဏာပူဇာပွဲနှင့် နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၂၃

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေးနှင့် ဘွဲ့ရဆရာတော်လေးပါးအား ဂုဏာပူဇာပွဲကို ဧပြီ ၅ရက် (စနေနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ အာဇာနည်လမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ရခိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်လေးပါးအား လှူဒါန်းပူဇော်ခြင်း၊ အသက် ၇၅နှစ်နှင့်အထက် သက်ကြီးများအား ပူဇော်ကန်တော့ခြင်း၊ နိုင်ငံတော်မှချီးမြှင့်သောဘွဲ့တံဆိပ်၊ ဂုဏ်ထူးဆောင်တံဆိပ်ရသူများအား ဂုဏ်ပြုခြင်း၊၂၀၀၇ခုနှစ်အခြေခံပညာအထက်တန်းတွင်ဂုဏ်ထူးဖြင့်အောင်မြင်သူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်း၊ မြို့နယ်အသင်းသို့ ငွေလှူဒါန်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် နံနက်စာဖြင့် တည်ခင်းဧည့်ခံခြင်းများ စီစဉ်ဆောင်ရွက်ထားသည်။

အသင်းသူ၊အသင်းသားများမှ အသက်၇၅နှစ်နှင့်အထက် သက်ကြီးစာရင်းနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သူများစာရင်းကို ဦးထွန်းရီ(ဥက္ကဋ္ဌ) ဖုန်း-၅၁၈၃၇၈၊ ဦးအေးဝင်း ဖုန်း-၃၉၄၅၁၂၊ ဦးလှသောင်း ဖုန်း-၆၆၇၈၁၈၊ ဦးလှဝင်း ဖုန်း-၇၂၆၂၆၄၊ ဦးမောင်မောင် ဖုန်း-၅၄၁၈၁၈၊ ဒေါ်မူမူလှ ဖုန်း-၅၇၃၇၇၈၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၂၂၆၂၅၀နှင့်ဒေါ်ကြင်စိန် ဖုန်း-၂၉၄၄၈၄ တို့သို့ အချိန်မီပေးပို့ကြရန်နှင့် အလှူငွေများကို အစည်းအဝေးကျင်းပမည့်ရက်တွင် အလှူခံဌာန၌ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသည့် ဆရာတော်များနှင့်လူပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၂၃

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသည့် မဟာစည် သာသနာ့ရိပ်သာကြီးနှင့် ပြည်နယ်၊ တိုင်းများရှိ မဟာစည် သာသနာ့ ရိပ်သာခွဲများမှ ဆရာတော်၊ သံဃာတော်များနှင့် လူပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးကျူး ပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ မဟာစည် သာသနာ့ရိပ်သာကြီး၌ ကျင်းပသည်။

ရှေးဦးစွာ မဟာစည်သာသနာ့ရိပ်သာ နာယက မြစ်သားဆရာတော် ဓမ္မကထိကဗဟုဇနဟိတဓရ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝါသဝထံမှ ပရိသတ်တို့ကရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာတင့်စိုးလင်းက ဂုဏ်ပြုပူဇော်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားပြီး ဘွဲ့ရဆရာတော်များအား ဝန်ဆောင်ဆရာတော်များက ဂုဏာပူဇာဂါထာတော်များဖြင့်ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော် ၁၅ပါးနှင့် လူပုဂ္ဂိုလ်ငါးဦးတို့အား ဗုဒ္ဓ သာသနာ နုဂ္ဂဟအဖွဲ့ချုပ် ဟိတေသီအဖွဲ့နှင့် အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့တို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဂုဏ်ပြု လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းပေးအပ်ချီးမြှင့်ကြပြီး ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

✱ ရှေ့ဖုံးမှ

ပေးနိုင်မည်ဖြစ်သကဲ့သို့ နွေစပါးအတွက် ရေကို နောက်ဆံမတင်း စိုးရိမ်မကင်း မဖြစ်ရဘဲ အပြည့်အဝရရှိပြီး စိုက်ပျိုးနိုင်တော့မည် ဖြစ်ကြောင်း၊ ဤခပေါင်း ဆည်ရေဖြင့် နွေစပါးကို တစ်နှစ်ထက်တစ်နှစ် တိုးတက်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းအတွင်း၌ မိုးစပါးဧက သိန်း၃၀ ပြည့်မီ ကျော်လွန်အောင် စိုက်ပျိုးရေးနှင့် နွေစပါးဧကလေးသိန်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးအတွက် ဤရေလှောင်တမံက အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့အပြင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း၁၂၀ ထုတ်လုပ်ပေးမည် ဖြစ်သည့်အတွက် ဒေသခံပြည်သူများအတွက်သာမက နိုင်ငံတော်အတွင်း အခြားဒေသများသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် အထောက်အကူ ဖြစ်စေ မည်ဖြစ်ကြောင်း။

အထင်အရှားတွေ့မြင်

ယခုဖွင့်လှစ်သည့် ခပေါင်းရေလှောင်တမံသည် နိုင်ငံတော်၏ ၂၀၉ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး ပဲခူးတိုင်း၏ ၄၅ခုမြောက် စီမံကိန်း ဖြစ်ကြောင်း၊ ၄ဒသမ၆သိန်းကို အကျိုးပြုနေပြီဖြစ်ကြောင်း၊ မြေအောက်ရေလုပ်ငန်း ၇၅၇၈ခု ကလည်း သီးနှံစိုက်ပျိုးမှုအတွက် အထောက်အကူပြုနေပြီဖြစ်ကြောင်း၊ ထို့အပြင် တောင်သူလယ်သမားများအနေဖြင့် သီးနှံများကို ရာသီအလိုက် သီးထပ်စိုက်ပျိုးရာတွင် အချိန်မီ၊ ရာသီမီဖြစ်စေရန်အတွက် အချိန်တိုကာလအတွင်း ရိတ်သိမ်းခြင်း၊ မြေယာပြုပြင်ခြင်းလုပ်ငန်းများ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်မည့် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက်လည်း နိုင်ငံတော်က လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်နိုင်သည့်စက်ရုံများတည်ဆောက်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း။

ပိုမိုတိုးတက်

ယင်းသို့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုသည်လည်း ယခင်ကထက် ပိုမိုတိုးတက်လာပြီဖြစ်ကြောင်း၊ အဓိက

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ခပေါင်းရေလှောင်တမံ ဘက်စုံ စီမံကိန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပွဲစည်းပုံအခြေခံဥပဒေမှာ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့်ကိုယ်ပိုင်ဥပဒေကြီးဖြစ် မှုဝါဒလမ်းစဉ်(၇)ရပ် ပြီးစီးအောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်

ပဲခူးတိုင်းအတွင်း နွေစပါးဧကလေးသိန်းအနက် သုံးသိန်းခြောက်သောင်းကျော်သည် ဆည်ရေဖြင့် စိုက်ပျိုးခြင်းဖြစ်သဖြင့် ဆည်ရေသည် ဤဒေသအတွက် မည်မျှအကျိုးပြုနေသည်ဆိုသည်ကို အထင်အရှား တွေ့မြင်ကြရကြောင်း။

နိုင်ငံတော်၏ စေတနာကို သဘောပေါက်နားလည်ကြသော တောင်သူလယ်သမားကြီးများကလည်း မိုးစပါးအပြင် နွေစပါးနှင့် အခြားသီးနှံများကို မရပ်မနား စိုက်ပျိုးထုတ်လုပ်လာကြသည့်အတွက် ယင်းတို့၏ လူမှုစီးပွားတိုးတက်မှုများ ရရှိလာနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

တိုးတက်လာ

ထို့အပြင် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိတော့မည်ဖြစ်သည့်အတွက် လူမှုစီးပွားရေးနှင့် စက်မှုကဏ္ဍများတွင် မလွဲဧကန် တိုးတက်လာမည်ဖြစ်၍ လူနေမှုအဆင့်အတန်းသည်လည်း မြင့်မားသည်ထက် မြင့်မားလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးနိုင်သည့် ရေ၊ မြေ၊ ရာသီဥတုအခြေအနေကောင်းများရှိသော နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်၏ အားပေးကူညီမှုများနှင့် တောင်သူများ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် လယ်ယာကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးတွင် အချိုးအစားအဖြစ် ၃၇ရာခိုင်နှုန်း ပါဝင်ပြီး ပို့ကုန်တန်ဖိုး၏ ၁၃ဒသမ၃ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနေပြီဖြစ်ကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်နိုင်သည်နှင့်အမျှ အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းစေခဲ့ကြောင်း၊ ၁၉၈၈ခုနှစ်တွင် လယ်ယာလုပ်သား ၁၀ဒသမ၄သန်းသာရှိခဲ့ရာက ယခုဆိုလျှင် ၂၂ဒသမ၉သန်းအထိ တိုးတက်လာပြီဖြစ်ကြောင်း၊ အလုပ်အကိုင် ရရှိရေးနှင့် လူမှုစီးပွားရေး တိုးတက်မြင့်မားရေးအတွက် လယ်ယာကဏ္ဍက အထောက်အကူ ပေးနေပြီဖြစ်ကြောင်း။

ဖြန့်ကြက်တည်ဆောက်

စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်တစ်ခုဖြစ်သော လိုအပ်သည့် အချိန်တွင် စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံများ၊ ရေထိန်းတံခါးစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးစီမံကိန်းများကို အခြေအနေပေးမှု အပေါ်မူတည်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကြီးစား၊ အလတ်စား၊ အငယ်စားစီမံကိန်းများကို ဖြန့်ကြက်တည်ဆောက်ပေးလျက် ရှိသကဲ့သို့ ရေကြီးနစ်မြုပ်လေ့ရှိသော ဒေသများနှင့် ရေနက်ကွင်းများတွင်လည်း ရေနုတ်မြောင်းများ၊ ရေဘေးကာကွယ်ရေးတာများ တည်ဆောက်ပြီး ရေတော်မိုးတော် စိုက်ပျိုးမြေများ ပေါ်ထွက်လာအောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် ရေသွင်းစိုက်ပျိုးနိုင်မှုအနေဖြင့် ၁၉၈၈-၈၉ခုနှစ်က ရေသွင်းစိုက်ဧရိယာဧက ၂ဒသမ၅သန်းသာရှိခဲ့ကြောင်း၊ ယခု ဧက ၅ဒသမ၆သန်းကျော်အထိ နှစ်ဆကျော်တိုးတက်လာခဲ့ပြီး နိုင်ငံတွင်ရှိသော သီးနှံအသားတင် စိုက်ဧရိယာဧက ၂၈သန်းကျော်၏ ၁၇ဒသမ၂ရာခိုင်နှုန်းအထိ ရောက်ရှိလာပြီဖြစ်ကြောင်း၊ တည်ဆောက်ပြီးစီးခဲ့သည့် ဆည်၊ ရေလှောင်တမံ စီမံကိန်းများက လယ်ယာမြေများ ရေသွင်းစိုက်ပျိုးနိုင်သော ရေသောက်ဧရိယာ များ တိုးတက်လာစေသကဲ့သို့ ရေထိန်းတံခါးစီမံကိန်းကြီး ၂၁ခုကြောင့် လယ်ယာမြေဧက ၃ဒသမ၆သန်းကျော်ကို ထိန်းသိမ်းကာကွယ်ပေးနိုင်ပြီဖြစ်ကြောင်း၊ ယခင်က မရှိခဲ့သော မြစ်ရေတင်စီမံကိန်း ၃၀၅ခုကလည်း လယ်ယာမြေဧက

သီးနှံဖြစ်သော စပါးစိုက်ပျိုးထုတ်လုပ်မှုသည် ၁၉၈၈ခုနှစ်တွင် စပါးတင်းသန်း ၆၃၀သာရှိရာက ယခုဆိုလျှင် တင်းသန်း၁၅၀၀ရှိလာပြီဖြစ်ကြောင်း၊ တင်းသန်း ၂၀၀၀ ထွက်ရှိရေး ဦးတည်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုကိုကြည့်လျှင် ၁၉၈၈ခုနှစ်တွင် တန်ချိန်၃ဒသမ၇သိန်းသာ ထုတ်လုပ်နိုင်မှုရှိခဲ့ရာက ယခုဆိုလျှင် တန်ချိန် ၄၅သိန်းအထိ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံတွင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ ဆီဖူလုံရေးအတွက်လည်း အခြေအနေကောင်းများ ရှိနေပြီဖြစ်ကြောင်း၊ ဤတိုးတက်မှုများသည် နိုင်ငံတော်၏ စီမံဆောင်ရွက်ပေးမှုများကြောင့် တောင်သူများကိုယ်တိုင် အေးချမ်းသာယာစွာ စိုက်ပျိုးလုပ်ကိုင်နိုင်သည့် အခြေအနေကောင်းများ ရရှိလာမှုက ပေါ်ထွက်လာသော ရလဒ်များဖြစ်ကြောင်း။

ယခုဖွင့်လှစ်ပေးလိုက်သည့် ခပေါင်းဘက်စုံ ရေလှောင်တမံသည် နိုင်ငံတော်၏ ၂၀၉ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ကြောင်း၊ ယင်းခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် တောင်ငူနှင့် အုတ်တွင်းမြို့နယ်နှစ်ခုတွင်ရှိသည့် ကျေးရွာအုပ်စု ၆၁ခုက လယ်မြေဧကတစ်သိန်းကို အကျိုးပြုစေမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဓာတ်အားပေးစက်ရုံ

ယင်းနောက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက ရှင်းလင်းတင်ပြရာတွင် ယနေ့ဖွင့်လှစ်သည့် ခပေါင်းရေအားလျှပ်စစ်စက်ရုံသည် ဤဝန်ကြီးဌာနလက်အောက်ရှိ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ တည်ဆောက်လျက်ရှိသော ရေအားလျှပ်စစ်စီမံကိန်း ၁၄ခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပဲခူးတိုင်းအတွင်း ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ၁၀ရက်တွင် ရဲနွယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကိုလည်းကောင်း၊ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂ရက်တွင် ပသိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကိုလည်းကောင်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်၍ ယခု ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ၂၀၀၈ခုနှစ် အတွင်း တတိယမြောက် ဖွင့်လှစ်သည့်စက်ရုံဖြစ်ပြီး နိုင်ငံအတွင်းတွင်ရှိသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအနက် ၄၇ခုမြောက် ဖွင့်လှစ်သော ဓာတ်အားပေးစက်ရုံလည်းဖြစ်ကြောင်း။

ခပေါင်းရေအားလျှပ်စစ်စက်ရုံသည် ၁၅မဂ္ဂါဝပ် စက်နှစ်လုံးတပ်ဆင်ထားပြီး စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ်၃၀ရှိကြောင်း၊ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ထုတ်လုပ်ပေးမည်ဖြစ်ပြီး နိုင်ငံတော်၏ ဓာတ်အား စနစ်နှင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း။

တိုးတက်ထုတ်လုပ်

ယခု ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်လိုက်ခြင်းကြောင့် မိမိတို့နိုင်ငံတွင် မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ပေးနေသော လျှပ်စစ်ဓာတ်အား များအတွက် ဓာတ်အားပေးစက်ရုံများ၏ လျှပ်စစ်စက်တပ်ဆင်အားသည် စုစုပေါင်း ၁၅၆၅ ဒသမ ၂ မဂ္ဂါဝပ်ရှိသွားပြီ ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ်မှုပမာဏစုစုပေါင်းသည်လည်း ၂၀၀၅-၂၀၀၆ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း၅၉၈၁၊ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၆၀၇၃၊ ၂၀၀၇-၂၀၀၈ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၆၀၉၂အထိ တစ်နှစ်ပြီးတစ်နှစ် တိုးတက်လာခဲ့ပြီး ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၇၁၀၀ကျော် အထိ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း အသိပေးတင်ပြလိုကြောင်း။

ကြိုးစားအားထုတ်

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ခပေါင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံအပါအဝင် တစ်ပြိုင်တည်း တည်ဆောက်နေသော ရေအား လျှပ်စစ်စီမံကိန်းကြီး ၁၄ခုပြီးသွားလျှင် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၀၄၀၀ ထပ်မံတိုးတက်ရရှိလာမည်ဖြစ်ကြောင်း။

အဆိုပါ တစ်ပြိုင်တည်း တည်ဆောက်နေသည့် စီမံကိန်း၁၄ခုထဲက ကျိုင်းတောင်းစီမံကိန်း ၅၄ မဂ္ဂါဝပ်၊ ရွှေလီ(၁)စီမံကိန်း မဂ္ဂါဝပ် ၆၀၀၊ ရဲရွာ စီမံကိန်း မဂ္ဂါဝပ် ၇၉၀နှင့် စစ်တောင်းမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများဖြစ်သော ကွန်းချောင်းစီမံကိန်း မဂ္ဂါဝပ် ၆၀၊ ဖြူးချောင်းစီမံကိန်း မဂ္ဂါဝပ် ၄၀၊ ရွှေကျင်စီမံကိန်း ၇၅မဂ္ဂါဝပ်စီ ရှိကြသည့် စီမံကိန်းခြောက်ခုကို ၂၀၀၇ခုနှစ်ကနေ ၂၀၁၀ပြည့်နှစ်အတွင်း တစ်ခုပြီးတစ်ခု အစီအရီ ဆက်တိုက်ပြီးသွားအောင် အစွမ်းကုန် အားထုတ်ကြိုးစားတည်ဆောက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်း တင်ပြသည်။

လမ်းညွှန်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက ပဲခူးတိုင်းသည် မိုးကာလတွင်ရေများ၍ ရေကြီးနစ်မြုပ်ပျက်စီးမှုများ ကြုံတွေ့ခဲ့ရပြီး နွေကာလတွင် ရေမရှိတော့၍ စိုက်ပျိုးနိုင်ခြင်းမရှိတော့သည့် အခြေအနေမျိုးရှိနေသည့် တိုင်းတစ်တိုင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပဲခူးရိုးမအရှေ့ခြမ်း၊ အနောက်ခြမ်းရှိ သဘာဝမြစ်ချောင်းများကို အခြေပြုပြီး အမြဲတမ်းစိုက်ပျိုးနိုင်သည့် ဒေသတစ်ခု ဖြစ်အောင် စီမံဆောင်ရွက်ရန် လမ်းညွှန်ခဲ့ကြောင်း။

ယနေ့ တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ခပေါင်းရေလှောင်တမံစီမံကိန်းသည် ပဲခူးတိုင်းတွင် အမြဲလိုလိုဖြစ်နေသည့် မိုးတွင်းကာလ၌ မိုးများပြီး ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးမှုများမရှိအောင်၊ နွေကာလတွင် စိုက်ပျိုးရေရရှိအောင်၊ ဒေသခံပြည်သူများအတွက် သန့်ရှင်းသည့်သောက်သုံးရေရရှိစေအောင်၊ ထို့အပြင် ဖြစ်နိုင်ပါက ဒေသအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်စွမ်းနိုင်ရအောင် ဆိုသည့် ရည်မှန်းချက်များဖြင့်ဆောင်ရွက်သည့် ဘက်စုံရေလှောင်တမံစီမံကိန်း တစ်ခုဖြစ်ကြောင်း။

အဓိက

ထို့အပြင် ပဲခူးတိုင်းသည် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းများကဲ့သို့ လူဦးရေများပြားသည့် တိုင်းဖြစ်သည့် အပြင် နိုင်ငံတော်အတွက် စီးပွားရေးအရ အဓိကအားထားရသော တိုင်းတစ်တိုင်း လည်းဖြစ်ကြောင်း။

ပဲခူးရိုးမကို အခြေခံပြီး အရှေ့ဘက်နှင့် အနောက်ဘက်ကို စီးဆင်းနေသည့် ချောင်းများကို တန်ဖိုးရှိရှိ အသုံးချရေး၊ ချောင်းရေကြီးမှုနှင့် သဲနုန်းပို့မှုကို ကာကွယ်တားဆီးရေး၊ ရေလျှံရေကြီးပြီး ရေရှားနေမှုကို ဖြေရှင်းရေးတို့အတွက် နိုင်ငံတော်အစိုးရသည် ပဲခူးတိုင်းအရှေ့ခြမ်းမှာရော၊ အနောက်ခြမ်းမှာပါ ဆည်တမံ လုပ်ငန်းများကို တည်ဆောက်ပေးခဲ့သည်မှာ ယခုဆိုလျှင် ဆည်၊ တမံအစုအဖွဲ့ အဖြစ် ပုံပေါ်တည်ရှိနေပြီဖြစ်ကြောင်း။

ပြောင်းလဲတိုးတက်

ထို့အပြင် မြစ်ရေတင်လုပ်ငန်း အငယ်စား၊ ချောင်းမြောင်းတမံ ပိတ်ဆို့မှု လုပ်ငန်းများစွာကို ဒေသခံပြည်သူများ၏ ပူးပေါင်းစောင့်ရှောက်မှုဖြင့် အားဖြည့် တည်ဆောက်နိုင်ခဲ့သည့်အတွက် ရေသောက်ဧရိယာဧက ၁၁သိန်းခန့်အထိ တိုးချဲ့ ဖြစ်လာပြီး ယခင်က သီးထပ်စိုက်ဧရိယာ ဧကငါးသိန်းကျော်မှ ယခု ဧက

စာမျက်နှာ ၁၀ ကော်လံ ၁

ဘရာဇီးနိုင်ငံ ပါရာနာဒေသ၌ ကမ္ဘာလှည့် ခရီးသွားများအား ဆွဲဆောင်လျက်ရှိသည့် သာယာလှပသော အိုင်ဂွာကုရေတံခွန်ကို မတ် ၂၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လွှတ်တော်အမတ်ဟောင်း ယူစွပ်ရာဇာအား ပါကစ္စတန်ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်

အစ္စလမ္မာဘတ် မတ် ၂၃

မကြာသေးမီကရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော ဘနာဇီယာဘူတို၏ ပါတီက ဝန်ကြီးချုပ်ရာထူးကို ရွေးချယ်လိုက်ပြီဖြစ်ကြောင်း မတ် ၂၂ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

ပါကစ္စတန်ပြည်သူ့ပါတီ(ပီပီပီ)က လွှတ်တော်အမတ်ဟောင်း ယူစွပ်ရာဇာဂီလာနီအား ဝန်ကြီးချုပ်ဟောင်း နဝပ်ရှရစ်ဖ်၏ ပီအမ်အယ်လ်(အင်န်)ပါတီနှင့်အတူ ညွန့်ပေါင်းအစိုးရကို ဦးဆောင်မည့် ဝန်ကြီးချုပ်အဖြစ် ရာဇာဂီလာနီအား ရွေးချယ်လိုက်ခြင်း ဖြစ်သည်။

ယင်းညွန့်ပေါင်းအစိုးရသည်သမ္မတ မူရှာရက်ဖ်ကို ထိန်းချုပ်ရန် ကြိုးစားလိမ့်မည်ဟု မျှော်လင့်ရသည်။

အဆိုပါ ကြေညာချက်ကိုပါတီ၏ ခေါင်းဆောင်နှင့် ပူးတွဲဥက္ကဋ္ဌအသစ် အလီဇာဒါရီက ကြေညာခဲ့ခြင်း ဖြစ်သည်။

ဇာဒါရီသည် အမျိုးသား လွှတ်တော်၌ အမတ်တစ်နေရာ ရယူပြီး ရွေးကောက်ပွဲကျင်းပပြီးလျှင်အနာဂတ် ဝန်ကြီးချုပ်ဖြစ်လာရန် ကြိုးစားဖွယ်ရှိသည်။

(အင်တာနက်)

ရွေးချယ်

ပါကစ္စတန် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရသော ယူစွပ် ရာ ဇာ ဂီလာနီ။

(အင်တာနက်ဓာတ်ပုံ)

ဘူလ်ဂေးရီးယား၌ ယူရိုငွေအတုများ ရဲတပ်ဖွဲ့ဝင်များက သိမ်းဆည်းရမိ

ဆိုဖီယာ မတ် ၂၃

ဘူလ်ဂေးရီးယားရဲတပ်ဖွဲ့က ဥရောပသမဂ္ဂအတွင်း ဖြန့်ဖြူးရန် ရည်ရွယ်ချက်ဖြင့် ထုတ်ဝေထားသော ယူရိုငွေအတု ၃၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၅၄၁၁၀၀)နှင့်အတူ ယင်းနိုင်ငံသားနှစ်ဦးအား ဖမ်းဆီးလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက မတ် ၂၁ရက်တွင် ကြေညာသည်။

သိမ်းဆည်းရမိ

အီးယူရဲတပ်ဖွဲ့ အေဂျင်စီဖြစ်သည့် ယူရိုပေါလ်၊ ဩစတြီးယားနှင့် ဘော့စနီးယားရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းလျက် ဘူလ်ဂေးရီးယားနိုင်ငံ မြို့တော် ဆိုဖီယာနေရာအချို့၌ ဝင်ရောက်စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့ရာ နိုင်ငံကူးလက်မှတ်အတုလုပ်စက်နှင့် တရားမဝင်လက်နက်များကိုပါ သိမ်းဆည်းရမိခဲ့သည်ဟု ဆိုသည်။

ထုတ်ပြန်ကြေညာ

သိမ်းဆည်းရမိသော ယူရိုငွေအတုများသည် အစစ်နီးပါးခွဲခြားမရအောင် ထပ်တူညီမှုရှိနေကြောင်း၊ အမှတ်အသား ၁၁ခုပါရှိရာတွင် ခုနစ်ခုမှန်ကန်သည်ကို တွေ့ရကြောင်း ဘူလ်ဂေးရီးယားပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြသည်။

မိမိတို့သည် ဥရောပဒေသအတွင်း ဖြန့်ချိတော့မည့် ယူရိုငွေကြေးအတုများကို မတ် ၂၀ရက် ညနေပိုင်းက အချိန်မီ ဖမ်းဆီးကာကွယ်ပေးလိုက်နိုင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ပန်တာလီပန်နော့က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

သီရိလင်္ကာ ကင်းလှည့်ရေယာဉ် မိုင်းထိပေါက်ကွဲ၍ နစ်မြုပ်

ကိုလံဘို မတ် ၂၃

သီရိလင်္ကာနိုင်ငံ အရှေ့မြောက်ပိုင်း ကျွန်းတစ်ကျွန်း၏ ကမ်းလွန်၌ မတ်၂၂ရက်က သီရိလင်္ကာ ကင်းလှည့်ရေယာဉ်တစ်စင်း ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် တပ်ဖွဲ့ဝင် ၁၀ဦး ပျောက်ဆုံးနေကြောင်း အင်တာနက် သတင်းတွင် ဖော်ပြသည်။

ပြောကြား

အဆိုပါ ကင်းလှည့်ရေယာဉ်ပေါ်တွင် တပ်ဖွဲ့ဝင် ၁၆ဦး လိုက်ပါသွားကြောင်း၊ ၎င်းကင်းလှည့်ရေယာဉ်သည် ကျားသူပုန်များ ရေထဲတွင် ထောင်ထားသော မိုင်းထိမှန်ခဲ့ဖွယ်ရှိကြောင်း သီရိလင်္ကာ ရေတပ်က ပြောကြားသည်။

နစ်မြုပ်

ယင်းကင်းလှည့်ရေယာဉ်ကို တမီးလ်အသေခံ တိုက်ခိုက်ရေးတပ်ဖွဲ့က ဗုံးခွဲတိုက်ခိုက်ခဲ့ကြောင်း ပြောကြားသည်။

၎င်းကင်းလှည့်ရေယာဉ် နစ်မြုပ်မှုသည် ဇန်နဝါရီလက အပစ်အခတ်ရပ်စဲမှု ပယ်ဖျက်ခဲ့ပြီးနောက် ဒုတိယမြောက် နစ်မြုပ်ခဲ့သည့် ရေယာဉ်ဖြစ်သည်။

(အင်တာနက်)

ကင်းလှည့်ရေယာဉ်ဖြင့် ကင်းလှည့် နေ သော သီရိလင်္ကာ တပ်ဖွဲ့ဝင်တစ်ဦးအား မတ် ၂၂ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပေါက်ကွဲ

ယီမင်နိုင်ငံမြို့တော်ဆာနာ၌ ဓာတ်ငွေ့ အရောင်းဆိုင် တစ်ဆိုင် ပေါက်ကွဲမှု ဖြစ်ပွား၍ မီးလောင်ခဲ့ရာ မီးသတ်သမားများ မီးငြိမ်းသတ်နေသည်ကို မတ် ၂၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အကြမ်းဖက်

တူရကီနိုင်ငံ၌ ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများအကြား အကြမ်းဖက်မှုများဖြစ်ပွားနေသည်ကို မတ် ၂၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တူရကီ၌ အကြမ်းဖက် အဓိကရုဏ်းဖြစ်ပွား

ကင်ဘာရာ မတ် ၂၃

တူရကီနိုင်ငံ မြို့ကြီးများ၌ ကာ့ဒ်နွှေဦးရာသီပွဲတော် ကျင်းပစဉ်ကာလအတွင်း ရဲတပ်ဖွဲ့နှင့် ဆန္ဒပြသူများအကြား အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ကြောင်း မတ် ၂၂ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖမ်းဆီး

အဆိုပါဆန္ဒပြမှုဖြစ်ပွားခဲ့ရာတွင် ဒါဇင်ပေါင်းများစွာ ထိခိုက်ခဲ့ပြီး ဆန္ဒပြသူများကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်ဟု ဆိုသည်။

တိုက်ခိုက်

ယင်းအကြမ်းဖက်မှုသည် အဆိုးရွားဆုံး အကြမ်းဖက်မှုဖြစ်ပြီး၊ ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများသုံး၍ ဗုံးခွဲတိုက်ခိုက်ခဲ့ရသည်ဟု ဆိုသည်။

ကြွေးကြော်ဆန္ဒပြ

ဆန္ဒပြသူများက ကာ့ဒ်သူပုန်များအား ထောက်ခံသည့် ကြွေးကြော်သံများကို ကိုင်ဆောင်လျက် ကြွေးကြော်ဆန္ဒပြခဲ့ကြသည်ဟု ဆိုသည်။

(အင်တာနက်)

ဘဝအမောပြေ

ဆေးတိုက်ပုံက....

ပုဂ္ဂလိက ဆေးခန်းကြီးတစ်ခု၌ ဆရာဝန်တစ်ဦးနှင့် သူနာပြုတစ်ဦးတို့ လူနာများအား လိုက်လံကြည့်ရှု စစ်ဆေးနေစဉ်...

ဆရာဝန်	။	။ ဒီလူနာကို တစ်နေ့ ဆေးဘယ်နှလုံးတိုက်သလဲ။
သူနာပြု	။	။ လေးလုံးပါ၊ သူကရောဂါနည်းနည်းပဲ ခံစားရတာမို့ပါ။
ဆရာဝန်	။	။ ကောင်းတယ်။ ဒီခုတင်က လူနာကိုရော။
သူနာပြု	။	။ သူက ရောဂါနည်းနည်းပြင်းလို့ တစ်နေ့ ဆေးရှစ်လုံး တိုက်ထားပါတယ်။
ဆရာဝန်	။	။ ဟုတ်တယ်။ ဒီဘက်ခုတင်က လူနာကိုရော ဆေးဘယ်နှလုံး တိုက်နေလဲ။
သူနာပြု	။	။ သူ့ကိုတော့ ဆေးတစ်လုံးမှ မတိုက်တော့ပါဘူး။
ဆရာဝန်	။	။ ဘာဖြစ်လို့လဲ။
သူနာပြု	။	။ ရောဂါ အရမ်းပြင်းနေလို့ပါ။
ဆရာဝန်	။	။ ``ခင်ဗျာ''

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်



ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၃-၃-၂၀၀၈

ဘူလ်ဂေးရီးယားသမ္မတ အစ္စရေးနှင့် ပါလက်စတိုင်းသို့သွားမည်

ဘူလ်ဂေးရီးယားသမ္မတ ဂျော့ပါဗာနော့သည် အစ္စရေးနှင့်ပါလက်စတိုင်းသို့ ခရီးထွက်မည်ဖြစ်ကြောင်း ဘူလ်ဂေးရီးယား အရာရှိများက ပြောကြားလိုက်သည်။

ဘူလ်ဂေးရီးယားသမ္မတအနေဖြင့် မတ် ၂၄ရက်မှ ၂၇ရက်အထိ သွားရောက်ရန် စီစဉ်ထားပြီး အစ္စရေးသမ္မတ ရှီမွန်ပီရက်စ်နှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။

ခရိုအေးရှားသမ္မတ ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲတက်မည်

၂၀၀၈ ပေကျင်း အိုလံပစ် အားကစားပွဲတော် ဖွင့်ပွဲကို တက်ရောက်မည်ဖြစ်ကြောင်း ခရိုအေးရှားသမ္မတ စတီပင်မီဆစ်က ပြောကြားလိုက်သည်။

တရုတ်နှင့် ခရိုအေးရှားနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ရန်နှင့် အိုလံပစ် အားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးကို အသိအမှတ်ပြုသည့်အနေဖြင့် ခရိုအေးရှားသမ္မတ တက်ရောက်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ခရိုအေးရှားအရာရှိများက ပြောကြားသည်။

ရုရှားတောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ရုရှားနိုင်ငံတောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

ဗုံး ပေါက်ကွဲမှုမှာ ရုရှားနိုင်ငံ တောင်ပိုင်း တီရော့ကာယာကျေးရွာအပြင်ဘက် စစ်ဆေးရေးစခန်းအနီး ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရမှု မရှိကြောင်း သိရသည်။

ဆွီဒင်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား

ဆွီဒင်နိုင်ငံ ဂိုသမ်ဘတ်မြို့၌လူငယ် သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် တစ်ဦးသေပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်ပွားမှုမှာ အသက်၂၀အရွယ် လူငယ်တစ်ဦးက ဂိုသမ်ဘတ်မြို့ လမ်းတစ်လမ်းပေါ်၌ သေနတ်ကိုင်ကာ လူများအား လိုက်လံပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ဂိုသမ်ဘတ်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

အာဖဂန်၌ ဗုံးခွဲတိုက်ခိုက်မှုကြောင့် နေတိုးတပ်ဖွဲ့ဝင်သေဆုံး

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နေတိုးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုမှာ အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းနယ်စပ်၌ ကင်းလှည့်နေသော နေတိုးတပ်ဖွဲ့ဝင်တို့၏ မော်တော်ယာဉ်ကို ဗုံးခွဲတိုက်ခိုက်ခြင်း ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အစ္စရေးနှင့်ဆွေးနွေးရန် ဟားမတ်စ်နှင့် ဂျီဟတ်တို့အသင့်ရှိနေ

ပါလက်စတိုင်း လက်နက်ကိုင်အဖွဲ့များဖြစ်သော ဟားမတ်စ်နှင့်ဂျီဟတ်အဖွဲ့တို့မှခေါင်းဆောင်များက အစ္စရေးနှင့် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရန်အသင့်ရှိကြောင်း ပြောကြားလိုက်သည်။

အီဂျစ်နိုင်ငံတွင် အီဂျစ်ကိုယ်စားလှယ်များ အပါအဝင် ဟားမတ်စ်၊ ဂျီဟတ်နှင့် အစ္စရေး ထိပ်တန်းကိုယ်စားလှယ်များတွေ့ဆုံကာ ပဋိပက္ခပြဿနာကို အဖြေရှာဆွေးနွေးသင့်ကြောင်း ၎င်းတို့က ပြောကြားသည်။

နီပေါကလေးငယ်များအတွက် ထောက်ပံ့ငွေ ဂျာမနီပေးမည်

နီပေါနိုင်ငံရှိ ကလေးငယ်များအတွက် ဂျာမနီနိုင်ငံက ငွေကြေးထောက်ပံ့ရေး အကူအညီများ ပေးမည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံမှအရာရှိများက ပြောကြားသည်။

ကလေးငယ်များဘဝမြှင့်တင်ရေးနှင့် ကူညီစောင့်ရှောက်ရေးအတွက် ဂျာမနီနိုင်ငံက ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၇၂၅၀၀၀ကို နီပေါကလေးငယ်များအတွက် ပေးအပ်မည်ဖြစ်သည်။

ကမ္ဘောဒီးယား၌ လက်နက်များဆိုင်ရာ ဥပဒေထုတ်ပြန်

ကမ္ဘောဒီးယားအစိုးရက လက်နက်နှင့်ပေါက်ကွဲစေတတ်သော ခဲယမ်းမီးကျောက်များဆိုင်ရာ ဥပဒေခွဲတစ်ခုကို ထုတ်ပြန်လိုက်သည်။

အဆိုပါဥပဒေခွဲသည်နိုင်ငံအတွင်း လက်နက်နှင့် ခဲယမ်းမီးကျောက်များ ထုတ်လုပ်ခြင်း၊သယ်ယူပို့ဆောင်ခြင်းနှင့် အသုံးပြုခြင်းများအပေါ် ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအရာရှိများက ပြောကြားသည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- နိုင်ဂျီးရီးယားနိုင်ငံ နိုင်ဂျာမြို့ကမ်းလွန်၌ နိုင်ဂျီးရီးယား ရေတပ်သင်္ဘောတစ်စင်း မတ်၂၂ရက်က လျှပ်စစ်ဝိုင်ယာကြိုးများမှတစ်ဆင့် မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ ရေတပ်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့သည်။ **(အောက်ပုံ)**

- ဂရိနိုင်ငံရောမမြို့အနီးတွင် မတ် ၂၂ ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးအပါအဝင် နှစ်ဦးသေဆုံးခဲ့သည်။
- အင်္ဂလန်နိုင်ငံ မယ်လ်ဒန်မြို့၌ မတ် ၂၂ရက်က လူငယ်တစ်ဦး မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီး အရှိန်လွန်ပြီး လမ်းဘေးနေအိမ်တစ်အိမ်အတွင်း ထိုးဆင်းတိုက်မိခဲ့ရာ နှစ်ဦးသေဆုံးခဲ့သည်။
- တူရကီနိုင်ငံ အနာတိုလီယာပြည်နယ် ခါရာမင်မာရက်စ်အရပ်၌ မတ် ၂၂ရက်က ဓာတ်အားပေးစက်ရုံတစ်ရုံ မတော်တဆ ဖြစ်ရပ်ကြောင့် မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ အလုပ်သမားလေးဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့သည်။
- သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့အရှေ့ဘက် မိုင် ၅၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ မတ် ၂၂ရက်က မိုးကြိုးပစ်ခံရမှုကြောင့် နှစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့သည်။
- ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တွင် မတ်၂၂ရက်က ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ ဝန်ချီစက်တစ်ခုပြုတ်ကျခဲ့ရာ အလုပ်သမားနှစ်ဦး သေဆုံးခဲ့သည်။
- တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့မြောက်ဘက် မိုင် ၄၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဆင်ရိုင်းသုံးကောင် ဝင်ရောက်သောင်းကျန်းမှုကြောင့် နေအိမ်သုံးလုံးပျက်စီးပြီး ရွာသားတစ်ဦး သေဆုံးခဲ့သည်။

ဘာဝဒဿန အမြင်

* *The only way to have a friend is to be one.*

သူငယ်ချင်းကောင်းတစ်ယောက် ရရှိရန် တစ်ခုတည်းသော နည်းလမ်းမှာ ကောင်းသောသူငယ်ချင်းတစ်ယောက်တည်းကိုသာ စိတ်ရောကိုယ်ပါ ပေါင်းသင်းခြင်းပင်ဖြစ်သည်။ **ရဲ့ဖ်ဝယ်လ်ဒိုအီမာဆင်**

(ကဗျာဆရာ၊ အတွေးအခေါ်ပညာရှင်နှင့်အစမ်းစာရေးသားသူ)

* *Take no sorrow of the thing lost which may not be recovered.*

ပြန်မရနိုင်တော့သည့် ဆုံးရှုံးမှုအတွက် ပူဆွေးတမ်းတခြင်း မဖြစ်ပါနှင့်။

အီစွပ်

(ဂရိလူမျိုး ပုံပြင်ရေးဆရာ)

ပလောသမ္မတနိုင်ငံ

သတင်းအက်ဆေး

ပလောသမ္မတနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းဒေသတွင်တည်ရှိသည်။ မီးတောင်နှင့် သန္တာကျွန်း ၂၀၀ကျော်ဖြင့် ဖွဲ့စည်းထားသည့် ကျွန်းစုနိုင်ငံဖြစ်သည်။ ကျွန်းအများအပြားကို တစ်ခုတည်းသော ကျောက်တန်းဖြင့် ကာကွယ်ထားသည်။



တွေ့မြင်ခံစားနိုင်

အပူပိုင်းဒေသရေပိုင်နက်မှာ ရေနေသတ္တဝါအမျိုးမျိုးတို့ မှီတင်းပေါက်ဖွားစရာဖြစ်သည်။ ပလောသမ္မတနိုင်ငံ၌ သဲဖြူပြင်လယ်ကမ်းခြေများမှ သစ်ပင်ဝါးပင် ထူထပ်သည့် တောတောင်များအထိ သာမောဖွယ် ရှုမြင်ကွင်းကိုလည်း တွေ့မြင်ခံစားနိုင်သည်။

ကြေညာ

ဤနိုင်ငံသည် ၁၉၉၄ခုနှစ်တွင် လွတ်လပ်ရေးရရှိသည်။ နှစ်ပေါင်း ၄၇နှစ်လုံးလုံး အမေရိကန်အုပ်ချုပ်သည့် ကုလသမဂ္ဂအစောင့်ရှောက်ခံနိုင်ငံဖြစ်ခဲ့ရသည်။ ၁၇၈၃ခုနှစ်တွင် အင်္ဂလိပ်မာလိန်မှူးဟင်နရီဝီလ်ဆင် သင်္ဘောပျက်၍ သန္တာကျွန်းတစ်ကျွန်းပေါ်သို့ ရောက်လာပြီးနောက် ဥရောပတိုက်သားတို့ စတင်အခြေချသည်။ ၁၈၈၅ခုနှစ်တွင် စပိန်က ဤကျွန်းများကို သူပိုင်သည်ဟု ကြေညာသည်။

ပေါ်ပေါက်

၁၈၉၉ ခုနှစ်တွင် စပိန်က ပလောကျွန်းစုကို ဂျာမနီထံသို့ ရောင်းလိုက်သည်။ ဂျာမနီက ဒေသခံတိုင်းရင်းသား အလုပ်သမားများကို စေခိုင်းပြီး စတင်ကုပ်သွေးစုပ်တော့သည်။ ဖော့စဖိတ်တူးဖော်ခြင်း၊ အုန်းစိုက်ပျိုးခြင်း လုပ်ငန်းများ ပေါ်ပေါက်လာသည်။

ဖြစ်လာ

၁၉၁၄ခုနှစ်တွင် ဂျာမန်တို့ ပထမကမ္ဘာစစ် ရှုံးသောအခါ ပလောနိုင်ငံကို ဂျပန်က သိမ်းလိုက်သည်။ ကိုရာမြို့မှာလည်း အုပ်ချုပ်ရေးအချက်အချာမြို့ဖြစ်လာသည်။ ဂျပန်လူမျိုး ၂၆၀၀၀အထိ ရှိလာသည်။ ၁၉၄၀-၁၉၄၅ ခုနှစ်တို့တွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျပန်ခံတပ်နှင့် ရေတပ်စခန်းတို့ကို မဟာမိတ်တို့က ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ ၁၉၄၇ခုနှစ်တွင် ပလောနိုင်ငံမှာ ကုလသမဂ္ဂ အစောင့်ရှောက်ခံနိုင်ငံဖြစ်လာပြီး အမေရိကန်နိုင်ငံက အုပ်ချုပ်သည်။ ၁၉၄၇ခုနှစ်တွင် ပလောနှင့် မာရှယ်ကျွန်းစုတို့က မိုက်ခရိုနီးရှားနိုင်ငံတွင် မပါဝင်ရန် ဆုံးဖြတ်ကြသည်။ ၁၉၈၁ခုနှစ်တွင် ပလောသမ္မတနိုင်ငံဖြစ်လာသည်။ ဟာရူးရီမီလစ်က သမ္မတရာထူးရရှိသည်။ ၁၉၈၅ခုနှစ်တွင် သမ္မတရီမီလစ် လုပ်ကြံခံရသည်။ ထိုနှစ်တွင် ကဇာရပ်ဆာလီ သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၈၈ခုနှစ်တွင် သမ္မတဆာလီ ကွယ်လွန်၍ အက်ပီဆန်ရာထူးဆက်ခံသည်။ ၁၉၉၂ခုနှစ်တွင် နာကာမူရာသမ္မတအဖြစ် ရွေးချယ်ခံရပြီး ၁၉၉၆ခုနှစ်တွင် ထပ်မံရွေးချယ်ခံရသည်။ ၁၉၉၄ခုနှစ်တွင်အမေရိကန်နိုင်ငံနှင့် လွတ်လပ်စွာ ဆက်ဆံရေးစာချုပ်အရ ပလောသမ္မတနိုင်ငံ လွတ်လပ်မှုအပြည့်အဝ ရရှိသည်။ ထိုနှစ်တွင် ပလောသမ္မတနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့သို့ အဖွဲ့ဝင်ဖြစ်လာသည်။

ပြောင်းရွှေ့

၂၀၀၀ပြည့်နှစ် နိုဝင်ဘာရွေးကောက်ပွဲတွင် ဒုတိယသမ္မတဟောင်း တွမ်မီရီမင်ဂီဆော သမ္မတဖြစ်လာသည်။ ၂၀၀၄ခုနှစ် နိုဝင်ဘာရွေးကောက်ပွဲတွင် ထပ်မံရွေးချယ်ခံရသည်။ ၂၀၀၆ ခုနှစ် အောက်တိုဘာလတွင် မြို့တော်ကို ကိုရာမှ မီလီကေအာ့သို့ စတင်ပြောင်းရွှေ့ခဲ့သည်။

ပြီးဆုံးမည်

၁၉၈၁ခုနှစ်တွင် ပလောသမ္မတနိုင်ငံ ဖြစ်လာသော်လည်း ကုလသမဂ္ဂအစောင့်ရှောက်ခံ နိုင်ငံတစ်နိုင်ငံပင်ဖြစ်သည်။ ၁၉၉၄ခုနှစ်ရောက်မှ လွတ်လပ်ရေး ရရှိခြင်းဖြစ်သည်။ သို့သော် ဤနိုင်ငံသည် အမေရိကန် ငွေကြေးထောက်ပံ့မှုပေါ်တွင် ရပ်တည်နေရသည်။ အမေရိကန်နိုင်ငံက ဤနိုင်ငံ၏ ကာကွယ်ရေးကို တာဝန်ယူသည်။ တစ်ချိန်တည်းတွင် ဤနိုင်ငံ၌ အမေရိကန် စစ်စခန်းများ ထားရှိသည်။ ထိုတိုက်ရိုက်အကူအညီများမှာ ၂၀၀၉ခုနှစ်တွင် ပြီးဆုံးမည်ဟုဆိုသည်။

ထုတ်ဖော်ပြောကြား

သမ္မတတွမ်မီရီမင်ဂီဆောက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မျက်ခြည်မပြတ် သတိထားလျက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲကြိုးပမ်းကြရန်လိုအပ်ကြောင်း ဒုတိယအကြိမ် ရွေးချယ်ခံရအပြီးတွင် တိုက်တွန်းလိုက်သည်။ အမေရိကန်အပေါ် မှီခိုမှုလျော့ပါးသွားအောင် ရှေးဦးစွာ ဆောင်ရွက်ကြရမည်ဟုလည်း ၎င်းက ထုတ်ဖော်ပြောကြားသည်။

သတိပြုမိ

ပလောသမ္မတနိုင်ငံကို ကမ္ဘာလှည့်ခရီးသည်များ နှစ်ခြိုက်ရာ သီးသန့်ခရီးပန်းတိုင်တစ်ခုအဖြစ်ရောက်ရှိအောင် ကြိုးပမ်းရမည်ဟု သမ္မတရီမင်ဂီဆောက ဆုံးဖြတ်ထားသည်။ သို့သော် လောလောဆယ်တွင် ကမ္ဘာလှည့်ခရီးသည်များ စုပြုံပြီး တစ်ပြိုင်တည်းရောက်လာသည့်အခါ အစစလိုလေသေးမရှိအောင် ပစ္စည်းပစ္စယများ မပြည့်စုံသေးကြောင်းကိုမူ သတိပြုမိသည်ဟု ဆိုပါသည်။ ။

ကိုးကား-အင်တာနက်

တိုး-ရေးသားသည်

ပလောသမ္မတနိုင်ငံ၌ သဲဖြူပြင်လယ်ကမ်းခြေများမှ သစ်ပင်ဝါးပင် ထူထပ်သည့် တောတောင်များအထိ သာမောဖွယ် ရှုမြင်ကွင်းကိုလည်း တွေ့မြင်ခံစားနိုင်။

အီရန်နျူကလီးယားလက်နက်မပိုင်ရေး ပြင်သစ်ဆောင်ရွက်ရန်လို အစ္စရေးတို့အပေါ် ဂျွန်မက်ကိန်း စာနာသဘောပေါက်

ဝါရှင်တန် မတ် ၂၃

နျူကလီးယားလက်နက်များ အီရန်ပိုင်ဆိုင်ခြင်းမရှိအောင် တားမြစ်ရေးအတွက် နိုင်ငံတကာပိတ်ပင်မှုတွင် ပြင်သစ်အစိုးရသည် ခေါင်းဆောင်မှု အခန်းကဏ္ဍမှ ပါဝင်နိုင်ကြောင်း အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်ပါတီကိုကိုယ်စားပြုယှဉ်ပြိုင်မည့် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက မတ်၂၁ရက်၌ ပြောကြားသည်။



ရီပတ်ဘလီကင် သမ္မတလောင်း ဂျွန်မက်ကိန်း

ပြင်သစ်နှင့် အမေရိကန်တို့ ပူးပေါင်းဆောင်ရွက်နိုင်သည့် ကိစ္စအများအပြားရှိကြောင်း၊ သို့သော် အီရန်အရေးတစ်ခုတည်းကိုသာ သူထုတ်နုတ်ပြောဆိုခြင်းဖြစ်သည်ဟုလည်း ပါရီ၌ ပြင်သစ်သမ္မတ ဆာကိုဇီနှင့်တွေ့ဆုံအပြီးတွင် ဂျွန်မက်ကိန်းက ပြောကြားသည်။

ဂျွန်မက်ကိန်းသည် ဥရောပခရီးမတိုင်မီ အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်ခဲ့သေးသည်။

ဒုံးကျည်ဖြင့် ပစ်ခတ်မှု

ပါလက်စတိုင်း စစ်သွေးကြွများ၏ ဒုံးကျည်ဖြင့် ပစ်ခတ်မှုကို အစ္စရေးနိုင်ငံက တုံ့ပြန်ရခြင်းအပေါ် သူစာနာသဘောပေါက်ကြောင်း ဂျွန်မက်ကိန်းက ပြောကြားသည်။

အရေးတကြီးလိုအပ်

ဂါဇာနှင့် အစ္စရေးနယ်စပ်တစ်လျှောက်တွင် လုံခြုံရေးအခြေအနေ ဆိုးရွားနေခြင်းမှာ အစ္စရေးနှင့် ပါလက်စတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမေရိကန် ပါဝင်ကူညီရန် အရေးတကြီးလိုအပ်ကြောင်း ဖော်ပြနေခြင်းဖြစ်သည်ဟုလည်း ဂျွန်မက်ကိန်းက ပြောကြားသည်။

သို့သော်အမေရိကန်အစိုးရက အစွမ်းကုန်ကြိုးပမ်းနေသော်လည်း ငြိမ်းချမ်းရေး သဘောတူညီချက်ကို ယခုနှစ်အတွင်းရမည်ဟု သူ့အနေဖြင့် အသေအချာမပြောနိုင်ကြောင်း ဂျွန်မက်ကိန်းက ပြောကြားလိုက်သည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ



စနေဂြိုဟ်၏ အရံတိုက်တန်ဂြိုဟ်ပေါ်၌ သမုဒ္ဒရာဖြစ်ထွန်းခဲ့ဖွယ်ရှိဟု ပညာရှင်များပြောကြား

နာဆာ မတ် ၂၃

နေကိုလှည့်ပတ်နေသော ဂြိုဟ်ကြီးတစ်လုံးဖြစ်သည့် စနေဂြိုဟ်၏ အရံဂြိုဟ်ဖြစ်သော တိုက်တန်ဂြိုဟ်ပေါ်တွင် သမုဒ္ဒရာရှိနိုင်ကြောင်း သိပ္ပံဂျာနယ်က ရေးသားဖော်ပြသည်။

တွေ့မြင်ရ

ကက်ဆီနီ အာကာသယာဉ်မှ ရိုက်ကူးထားသော ပုံများအရ ယင်းအရံဂြိုဟ်ပေါ်တွင် ထူကဲသော ရေခဲထု၏အောက်၌ ငွေ့ရည်ဖွဲ့သည့် ရေလှောင်တမံတစ်ခုအဖြစ် တွေ့မြင်ရကြောင်း **(အပေါ်ပုံ)** နာဆာအဖွဲ့က ပြောကြားသည်။

သက်ရှိများ

အဆိုပါ တိုက်တန်ဂြိုဟ်လပေါ်တွင် သက်ရှိများ အသက်ရှင်နေထိုင်ရေးအတွက် ရေနှင့်အော်ဂင်းနစ်မော်လီကျူးများ ရှိနိုင်သည်ဟု ဆိုသည်။

လေ့လာရေး

စနေဂြိုဟ် လေ့လာရေးအာကာသယာဉ် ကက်ဆီနီမစ်ရှင်သည် အမေရိကန် အာကာသအေဂျင်စီ(နာဆာ)၊ ဥရောပ အာကာသအေဂျင်စီ(အီဆာ)နှင့် အီတလီအာကာသအေဂျင်စီ (အစီ) တို့ ပူးပေါင်းဆောင်ရွက်သည့် လေ့လာရေးမစ်ရှင်ဖြစ်သည်။

ဖုံးလွှမ်း

ကက်ဆီနီအာကာသယာဉ်သည် ၂၀၀၄ ခုနှစ်က စနေဂြိုဟ်အရံလများသို့ စတင် လေ့လာခဲ့သည်။ ယင်းဂြိုဟ်၏ မျက်နှာ ပြင်သည် သမုဒ္ဒရာတစ်စင်းဖြင့် ဖုံးလွှမ်းထားသည်။

(အင်တာနက်)

တရုတ်၌ လှုပ်ခဲ့သော ငလျင် အိုးအိမ် ၂၂၀၀ ပျက်စီးခဲ့

ဥရုမ္ဘိုင် မတ် ၂၃

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကျင့်ကျန်းဒေသ၌ မတ် ၂၁ရက်က အင်အားပြင်းငလျင် လှုပ်ခဲ့မှုကြောင့် ပြည်သူ ၄၄၀၀၀ခန့် သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ သို့ရာတွင် သေပျောက်မှုမရှိကြောင်း ဒေသတာဝန်ရှိသူများက မတ် ၂၂ရက်တွင် ပြောကြားသည်။

ပြိုကျ

ယင်းငလျင် လှုပ်ခဲ့မှုကြောင့် ကျင့်ကျန်းတောင်ပိုင်းရှိ နေအိမ် ၂၂၀၀ ခန့်၊ စိုက်ပျိုးမွေးမြူရေးခြံ ရာပေါင်းများစွာတို့ ပြိုကျသွားခဲ့ကြောင်း ဒေသဆိုင်ရာ ပြည်သူ့ရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။ **(အောက်ပုံ)**

ဆုံးရှုံး

ငင်းငလျင်ကြောင့် တိုက်ရိုက်စီးပွားရေးဆုံးရှုံးမှုမှာ ယွမ်၁၀သန်း (အမေရိကန်ဒေါ်လာ ၁ဒသမ၄သန်း) ခန့် ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။

ပြောကြား

ငလျင်သည် ထိုနေ့က ဒေသစံတော်ချိန် နံနက် ၆နာရီ ၃၃မိနစ်တွင် လှုပ်ခဲ့ကြောင်း၊ ငလျင်ပြင်းအား ၇ ဒသမ ၃ ရှိကြောင်း ကျင့်ကျန်းငလျင်တိုင်းတာရေးဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထိုင်းတောင်ပိုင်း၌ တိုက်ပွဲဖြစ်ပွား သုံးဦးသေဆုံး

ယာလာ မတ် ၂၃

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်ကျေးရွာတစ်ရွာ၌ ထိုင်းအစိုးရတပ်ဖွဲ့ဝင်များနှင့်ရဲများက နေအိမ်တစ်အိမ်ကို မတ်၂၁ရက်က စီးနင်းဝင်ရောက်စဉ် တိုက်ပွဲဖြစ်ပွားခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် မသင်္ကာဖွယ် သူပုန်တစ်ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။ ယာလာပြည်နယ်သည် ထိုင်းနိုင်ငံ တောင်ပိုင်းတွင်တည်ရှိပြီး ခွဲထွက်ရေး အကြမ်းဖက်သမားများ၏ လေးနှစ်အတွင်း တိုက်ခိုက်မှုကြောင့် လူ ၃၀၀၀ နီးပါး သေဆုံးခဲ့သည့် ပြည်နယ်လေးခုတွင် ပြည်နယ်တစ်ခုအဖြစ် ပါဝင်သည်။ သေဆုံးသူ သူပုန်မှာ အစိုးရက ဆုငွေဘတ် ၅၀၀၀၀၀ထုတ်ထားသူဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ကူမင်း-ဗန်ကောက်အဝေးပြေး လမ်းမကြီး တရုတ်လမ်းပိုင်းပြီးစီး၍ ဖွင့်ပွဲအခမ်းအနားကျင်းပ

ကူမင်း မတ် ၂၃

တရုတ်နိုင်ငံ ယူနန်ပြည်နယ် အနောက်တောင်ပိုင်းရှိ ကူမင်းမြို့နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တို့အကြား ဆက်သွယ်ဖောက်လုပ်ခဲ့သည့် နိုင်ငံဖြတ်ကျော် အဝေးပြေးကားလမ်းမကြီး၏ တရုတ်နိုင်ငံအပိုင်းကို မတ် ၂၁ရက်က ဖောက်လုပ်ပြီးစီးသွားပြီဖြစ်၍ တရုတ်နိုင်ငံမှ အရှေ့တောင်အာရှဒေသသို့ မော်တော်ကားဖြင့် ခရီးသွားနိုင်တော့မည်ဖြစ်သည်။

ခရီးပေါက်

ကူမင်းမြို့မှတရုတ်-လာအိုနယ်စပ် မိုဟန်အထိ အကွာအဝေး ၆၈၈ ကီလိုမီတာရှိသည်။ ကူမင်းမှ ယူစီအထိ ပထမလမ်းပိုင်းကို ၁၉၉၉ခုနှစ်က ဖောက်လုပ်ပြီးစီးခဲ့ပြီး စုစုပေါင်း ခရီးအကွာအဝေး ၁၈၈၇ ကီလိုမီတာရှိလာသည်။ တရုတ်လမ်းပိုင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍ ကူမင်းမှဗန်ကောက်သို့ ခရီးသွားကြာချိန် ထက်ဝက်လျှော့ကျသွားပြီး စုစုပေါင်း ကူမင်းမှဗန်ကောက်အထိ နာရီ၂၀ဖြင့် ခရီးပေါက်နိုင်တော့မည်ဖြစ်သည်။

ပြောကြား

တရုတ်လမ်းပိုင်းကို ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် လမ်းတစ်လျှောက်ရှိဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာမည်ဖြစ်ကြောင်း ဖွင့်ပွဲအခမ်းအနား၌ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး ကျင်ကွမ်ရောင်းက ပြောကြားသည်။

ကုန်ကျစရိတ်

ထိုင်းနှင့် လာအိုလမ်းပိုင်းမှာလည်း အားလုံးနီးပါး ပြီးစီးနေပြီ ဖြစ်သည်။ တရုတ်လမ်းပိုင်း ဖောက်လုပ်ခဲ့ရာတွင် ကုန်ကျစရိတ်မှာ ယွမ် ၂၅ဘီလီယံ (အမေရိကန်ဒေါ်လာ၃ဒသမ၅ဘီလီယံ) ရှိသည်။

အာရှကွန်ရက် လမ်းမကြီး၏ အဓိကအစိတ်အပိုင်းဖြစ်သည့် အဆိုပါ စီမံကိန်းသည် တရုတ်-အာဆီယံ လွတ်လပ်စွာ ကုန်သွယ်ရေးနှင့် လန်ကန်-မဲခေါင်မြစ်ဝှမ်းဒေသခွဲ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအတွက်အဓိကကျသည့် အခြေခံအဆောက်အအုံတစ်ခု တိုးတက်လာခြင်းပင်ဖြစ်သည်။ မဲခေါင်မြစ်ကို တရုတ်နိုင်ငံက လန်ကန်မြစ်ဟူ၍လည်း ခေါ်ဆိုကြသည်။ မဲခေါင်မြစ်သည် ကီလိုမီတာ၄၀၀၀ရှည်လျားပြီး တရုတ်နိုင်ငံ တိဗက်ကုန်းမြင့်ဒေသမှ စတင်ကာ တရုတ်၊ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများအတွင်းသို့ စီးဝင်သွားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါလက်စတိုင်းသမ္မတ၏လုံခြုံရေးတပ်ဖွဲ့အတွက် ရုရှားက သံချပ်ကာယာဉ် အစီး ၅၀ပေးမည်

ဂျေရုဆလမ် မတ် ၂၃

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်၏ လုံခြုံရေးတပ်ဖွဲ့အတွက် ပါလက်စတိုင်းသို့ သံချပ်ကာယာဉ်များပေးရန် ရုရှားနိုင်ငံက အစ္စရေးနှင့် ညှိနှိုင်းသဘောတူညီလိုက်ပြီဖြစ်ကြောင်း အစ္စရေးတာဝန်ရှိသူများက မတ် ၂၁ ရက်တွင် ပြောကြားသည်။

အစ္စရေးနိုင်ငံက နိုဝင်ဘာလအတွင်း၌ ရုရှားတို့ထံမှ အပေါ့စား သံချပ်ကာယာဉ်စီးရေ ၅၀လက်ခံရယူရန် ခွင့်ပြုထားခဲ့သည်။ သို့သော်လည်း ပါလက်စတိုင်းတို့၏ တောင်းဆိုမှုအပေါ် အငြင်းပွားနေကြ၍ အချိန်ကြန့်ကြာမှု ဖြစ်ခဲ့ရသည်ဟု ဆို၏။

ပြောကြား

ရုရှားနိုင်ငံခြားရေး ဝန်ကြီးက အစ္စရေးဝန်ကြီးချုပ် အေဟွတ်အိုလ်မတ်အား မတ်၂၀ရက်၌ တွေ့ဆုံစဉ်အတွင်း ရုရှားမှ သံချပ်ကာယာဉ်များ တင်ပို့သွားရန် ပြောကြားခဲ့ကြောင်း အစ္စရေး တာဝန်ရှိသူများက ပြောကြားသည်။

မူလက သံချပ်ကာယာဉ် ၂၅စီး ကိုသာပေးရန် အစ္စရေးက သဘောတူညီထားသည်။ ပါလက်စတိုင်းတို့၏ မေတ္တာရပ်ခံချက်အရ နောက်ထပ် ၂၅စီး ထပ်မံတိုးပေးခဲ့သည်ဟု ဆိုသည်။ ယင်းသံချပ်ကာယာဉ်များကို အစ္စရေးတို့ သိမ်းပိုက်ခဲ့သော အနောက်ဘက်ကမ်း ဒေသရှိ ပါလက်စတိုင်းတို့၏ လုံခြုံရေးအတွက် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

ယင်းသံချပ်ကာယာဉ်များကို လွန်ခဲ့သောနှစ်များတွင် ရုရှားက ပါလက်စတိုင်းတို့အားပေးရန် ကမ်းလှမ်းခဲ့သည်။ သို့သော်လည်း ၂၀၀၆ခုနှစ် ဇန်နဝါရီလက ဟားမတ်စ် စစ်သွေးကြွအုပ်စုအဖွဲ့ ရွေးကောက်ပွဲအနိုင်ရသွား၍ ပေးပို့ရန် ဆိုင်းငံ့ထားခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ပညာရေးကဏ္ဍ

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့၌ တည်ဆောက်ဖွင့်လှစ်ထားသည့် ပင်လုံတက္ကသိုလ်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

(၆၃)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြု

ကယားပြည်နယ် ကျောင်းသားကျောင်းသူများ အဆင့်မြင့်ပညာ သင်ယူနိုင်ရန် အတွက် လွိုင်ကော်မြို့၌ ဖွင့်လှစ်ထားသည့် လွိုင်ကော်တက္ကသိုလ်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

နည်းပညာတက္ကသိုလ် (ကလေး)

စစ်ကိုင်းတိုင်းရှိ ကျောင်းသားကျောင်းသူများ အဆင့်မြင့်နည်းပညာ သင်ယူမှု အခွင့်အလမ်းများ ရရှိစေရန်အတွက် ကလေးမြို့တွင် တည်ဆောက်ပေးထားသော နည်းပညာတက္ကသိုလ်(ကလေး) သုံးထပ်ကျောင်းဆောင်သစ်အား မီးရောင်စုံများ ထွန်းညှိထားသည့် ညပိုင်း မြင်ကွင်းအလှ။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ကွန်ပျူတာတက္ကသိုလ်(ဘားအံ)

ကရင်ပြည်နယ် ဘားအံမြို့၌ ဖွင့်လှစ်ထားသည့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ပင်မအဆောက်အအုံသစ်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၇	တိုးတက်မှု
၁	**အခြေခံပညာကျောင်း**	၃၃၇၄၇	၄၀၅၅၃	၆၈၀၆
	– ဆရာ ဆရာမဦးရေ(သိန်း)	၁.၇၄	၂.၆	၀.၈၆
	– ကျောင်းသားဦးရေ(သန်း)	၅.၂၄	၈.၈၃	၃.၅၉
	– မာလ်တီမီဒီယာစာသင်ခန်း	–	၁၆၉၄	၁၆၉၄
၂	**ဆရာအတတ်ပညာသင်ကြားရေး**			
	– ပညာရေးကောလိပ်	၁၇	၂၀	၃
	– ဆရာ ဆရာမဦးရေ	၄၅၆	၉၁၇	၄၆၁
	– သင်တန်းသားဦးရေ	၄၅၁၆	၃၄၆၄၃	၃၀၁၂၇
၃	**အဆင့်မြင့်ပညာ**			
	– တက္ကသိုလ်/ကောလိပ်/ ဒီဂရီကောလိပ်	၂၇	၆၄	၃၇
	– လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန	–	၄၄	၄၄
	– ဆရာ ဆရာမဦးရေ	၅၉၉၆	၁၇၂၅၀	၁၁၂၅၄
	– ကျောင်းသားဦးရေ(သိန်း)	၁.၃၄	၅.၂၀	၃.၈၆
၄	**သိပ္ပံနှင့်နည်းပညာ**			
	– နည်းပညာတက္ကသိုလ်များ	၁	၂၉	၂၈
	– အစိုးရနည်းပညာကောလိပ်	–	၈	၈
	– ကွန်ပျူတာတက္ကသိုလ်	၁	၂၆	၂၅
	မြန်မာနိုင်ငံလေကြောင်းနှင့်	–	၁	၁
	– အာကာသပညာတက္ကသိုလ်			
	– ဆရာ ဆရာမဦးရေ	၄၀	၉၃၂	၈၉၂
	– ကျောင်းသားဦးရေ	–	၅၄၆၇၉	၅၄၆၇၉
၅	မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်	–	၁	၁
၆	အခြားဝန်ကြီးဌာနများရှိ တက္ကသိုလ်/ကောလိပ်များ	၁	၂၂	၂၁

(၆၃)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်မည့် တပ်မတော်

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

ခိုင်ထက်အောင်

✳ တပ်မတော်သည် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။

✳ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိက တာဝန်ရှိသည်။

✳ တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည် ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော် ဖြစ်သည်။

၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော အမျိုးသားညီလာခံကြီးက ချမှတ်ပေးခဲ့သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများအရ အခန်း(၁) နိုင်ငံတော် အခြေခံမူများတွင် ဖော်ဆောင်ထားသည့် တပ်မတော်ဆိုင်ရာ မူကြီးများဖြစ်သည်။

အမျိုးသားညီလာခံမှ ချမှတ်ပေးခဲ့သည့် အခြေခံမူများနှင့်အသေးစိတ် အခြေခံရမည့်မူများကို အခြေခံပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်က ၃-၁၂-၂၀၀၇ ရက်နေ့မှ ၁၉-၂-၂၀၀၈ ရက်နေ့အထိ ရေးဆွဲခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင်လည်း အခန်း(၁) နိုင်ငံတော် အခြေခံမူများ အခန်းနှင့် အခန်း(၇) တပ်မတော် အခန်းတို့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တစ်ခုလုံးကို လည်းကောင်း၊ ပြည်ထောင်စုဖွား မြန်မာနိုင်ငံသားများကို လည်းကောင်း၊ နိုင်ငံသားတို့၏ အထွတ်အမြတ်ဖြစ်သည့် လွတ်လပ်ရေးကို လည်းကောင်း ကာကွယ်စောင့်ရှောက်ပေးရမည့် တပ်မတော်ဆိုင်ရာ အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများ ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

အခန်း(၇) တပ်မတော်အခန်း ပုဒ်မ(၃၃၇)တွင် "တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်" ဟူ၍ လည်းကောင်း၊

ပုဒ်မ (၃၃၉)တွင် "နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်"ဟူ၍ လည်းကောင်း၊

ပုဒ်မ (၃၄၁)တွင် "နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များ ကျရောက်လာလျှင် တပ်မတော်က ကူညီ ဆောင်ရွက်ရမည်" ဟူ၍ လည်းကောင်း ဖော်ပြပါရှိပေသည်။

ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ၂၀၀၈ ခုနှစ် မေလတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပကာ ပြည်သူတို့၏ အတည်ပြုမှု ရယူမည်ဖြစ်၍ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ-၂၀၀၈"ဟူ၍ ပေါ်ထွန်းလာတော့မည်ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဟူသည် အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းတွင် နိုင်ငံသားတို့မှဆင်းသက်ပြီး နိုင်ငံတစ်ဝန်း၌ ပျံ့နှံ့တည်ရှိသော၊ ပြည်သူတို့လွတ်လပ်စွာ ကိုယ့်နိုင်ငံနှင့် ကိုယ့်နိုင်ငံသားတို့၏ ကောင်းကျိုးကို ဆုံးဖြတ်အကောင်အထည်ဖော် လုပ်ဆောင်ခွင့်ရှိသော အချုပ်အခြာအာဏာကို မည်သို့မည်ပုံ၊ မည်သူမည်ဝါက၊ မည်သည့် စည်းကမ်းများဖြင့် ပြည်သူ့ကိုယ်စား ကျင့်သုံးရမည်၊ နိုင်ငံသားတို့၏ မူလအခွင့်အရေးများက မည်သို့ရှိသည် စသည်တို့ကို စီစဉ်ဖော်ပြထားသော မူဝါဒစာအုပ်ကြီးဖြစ်သည်။ ဤအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ခြင်းသည် ပြည်သူပြည်သားတို့၏ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ပေးရာ ရောက်ပေသည်။

မြန်မာနိုင်ငံတွင် တိုင်းခြားသားနယ်ချဲ့တို့ စိုးမိုးထားစဉ် နှစ်ပေါင်း တစ်ရာကျော်ကာလ၌ မြန်မာတို့သည် အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု မရှိခဲ့ပေ။ နယ်ချဲ့တိုင်းခြားသားတို့ ဖိနှိပ်ချုပ်ချယ်သမျှ၊ နိုင်ငံမှ သယံဇာတ ထွက်ကုန်ပစ္စည်းများကို နယ်ချဲ့တို့ အလွယ်တကူ ထုတ်ယူသွားသမျှ မြန်မာတို့ ခါးစည်းခံခဲ့ရသည်။ မြန်မာတို့၏ အချုပ်အခြာအာဏာတည်း ဟူသော လွတ်လပ်ရေးဆုံးရှုံးရသဖြင့် လွတ်လပ်ရေးကို ပြန်လည်ကြိုးပမ်း ရယူခဲ့ရသည်။ ထိုစဉ်က အမျိုးသား နိုင်ငံရေး လှုပ်ရှားမှုကြီးတွင် ပြည်သူတို့က စည်းလုံးညီညွတ်မှုဖြင့် ပါဝင်ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။

နယ်ချဲ့သမားများထံမှ လွတ်လပ်ရေးကို ပါးစပ်က တောင်းနေရုံဖြင့် ရမည်မဟုတ်၊ လိုအပ်သလို လက်နက်ကိုင် တိုက်ထုတ်ရမည်ဟု မြန်မာမျိုးချစ်များက ဆုံးဖြတ်ခဲ့ကြသည်။ ဤသို့ဖြင့် မြန်မာ့တပ်မတော်သည် မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး ဇာတိမာန် အပြည့်ဖြင့် ပေါ်ထွန်းလာခဲ့သည်။

မြန်မာတို့၏ တပ်မတော်သည် လွတ်လပ်ရေးကို တိုက်ယူရန် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံတွင် မင်းမူခဲ့သော ဖက်ဆစ်များက မြန်မာ့လွတ်လပ်ရေးတပ်မတော်ကို နာမည်ပြောင်းပစ်ခဲ့သည်။ အင်အားတောင့်တင်းသော တပ်မတော် ဖြစ်မလာစေရန် ဖက်ဆစ်တို့က ဟန့်တားခဲ့သည်။ ကမ္ဘာစစ်အပြီးတွင် ဗြိတိသျှနယ်ချဲ့တို့ ပြန်ဝင်လာသည့်အခါ၌လည်း မြန်မာ့တပ်မတော်ကို အင်အားလျှော့ချပစ်ခဲ့ကြပြန်သည်။ လွတ်လပ်ရေးရပြီးချိန် စည်းစည်းလုံးလုံးဖြင့် နိုင်ငံကြီးပွားတိုးတက်အောင် ကြိုးပမ်းကြရမည့်အချိန်တွင် လွတ်လပ်ရေးကြိုးပမ်းစဉ်က ကိုင်စွဲခဲ့ကြသည့် အမျိုးသားနိုင်ငံရေး ခံယူချက်ကိုစွန့်ပစ်ပြီး ဝါဒ၊ ဂိုဏ်းဂဏအစွဲများ ဖုံးလွှမ်းလာသော နိုင်ငံရေးသမားများက လက်နက်ကိုင် အာဏာလုပွဲ(ဝါ) လက်နက်ကိုင် သောင်းကျန်းမှုကြီးကို ဖန်တီးလိုက်ကြပြန်သည်။ ပြည်ပနယ်ချဲ့အုပ်စု၏ ပယောဂ မှိုင်းမိနေသော ခွဲထွက်ရေး သောင်းကျန်းသူများလည်း ပေါ်လာသည်။

မြန်မာ့တပ်မတော်သည် ဘီအိုင်အေ၊ ဘီဒီအေ၊ မျိုးချစ် တပ်မတော် စသည်ဖြင့် အမည်နာမ မည်သို့ပင်ပြောင်းပြောင်း၊ ဖက်ဆစ်များနှင့် နယ်ချဲ့တို့က မည်သို့ပင် အင်အား လျှော့ချလျှော့ချ လွတ်လပ်ရေးကို အသက်စွန့်တိုက်ယူခဲ့သော တပ်မတော်အဖြစ် သမိုင်းထွန်းပြောင်ခဲ့သည်။ လွတ်လပ်ရေးရပြီး ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲ၊ သံသယစွဲသမားတို့၏ ပဋိပက္ခများကြောင့် လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးလုနီးနီး အချိန်ကြုံတိုင်း၊ ပြည်ထောင်စုကြီး ပြိုကွဲလုလု အခြေအနေကြုံတိုင်း ပြည်သူ့ရှေ့မှ မားမားရပ်ပြီး အချုပ်အခြာအာဏာ (လွတ်လပ်ရေး)ကို လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လည်းကောင်း၊ တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကိုလည်းကောင်း ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးခဲ့ရသည်။ ၁၉၄၈-၄၉ ခုနှစ်တွင် ရောင်စုံသောင်းကျန်းသူတို့က မြို့ရွာ အများအပြားကို သိမ်းပိုက်ထားစဉ် ကာလမှာပင် တပ်မတော်သည် ရှိသမျှအင်အားဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများကို အသက်ပေးပြီး ကာကွယ်စောင့်ရှောက်ကာ ဖဆပလအစိုးရကို ဆက်လက် တည်မြဲစေခဲ့သည်။

၁၉၅၈-၅၉ ခုနှစ်များအတွင်း အာဏာရ ဖဆပလ နိုင်ငံရေးပါတီကြီး အုပ်စုများကွဲကာ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တည်တံ့ခိုင်မြဲရေး စိုးရိမ်လာရချိန်၌လည်း တပ်မတော်ကပင် ဝင်ရောက် ဖေးမ ထိန်းသိမ်းပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ၁၉၆၀ ပြည့်နှစ် နှစ်ဦးပိုင်းတွင် ကျင်းပပေးခဲ့သည်။ ရွေးကောက်ပွဲအနိုင်ရရှိသော ဖဆပလ (သန့်ရှင်း)အုပ်စု (ဝါ) ပထစအမည်ပြောင်းထားသော ဖဆပလတစ်ခြမ်း အစိုးရကိုပင် အာဏာ အပ်ခဲ့သည်။

ပထစ အစိုးရလက်ထက်မှာပင် ဖက်ဒရယ်မူ လှုပ်ရှားမှုကြီးပေါ်လာကာ ပြည်ထောင်စုကြီး အစိတ်စိတ် ပြိုကွဲမည့် အနေအထားသို့ ရောက်လာသည်။ ၁၉၆၂ခုနှစ် မတ်လ ၂ရက်နေ့တွင် နယ်ချဲ့ထောင်ချောက်အတွင်း ကျရောက်လုဆဲ၊ ပြိုကွဲလုဆဲ၊ အချုပ်အခြာအာဏာ လက်လွတ် ဆုံးရှုံးလုဆဲ အခြေအနေသို့ ဆိုက်ရောက်လာသဖြင့် တပ်မတော်ကပင် နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပေးခဲ့ရပြန်သည်။ ၁၉၈၈ ခုနှစ် တိုင်းဆူပြည်ဖျက် ဆူပူမှုဂယက်တွင် ပြည်ပက စွက်ဖက်သဖြင့် ပြည်ထောင်စုကြီး ပြိုကွဲလုနီးနီး၊ လွတ်လပ်ရေး ပြန်လည် ဆုံးရှုံးလုနီးနီး အခြေအနေဆိုး ကြုံရစဉ်မှာလည်း တပ်မတော်ကပင် ပြည်ထောင်စုကြီး၊ ပြည်ထောင်စုသားများနှင့် လွတ်လပ်ရေး (အချုပ်အခြာအာဏာ)ကို ကာကွယ်ပေးခဲ့ရပြန်သည်။

နယ်ချဲ့သမားများက ယခုအခါ ပုံစံသစ် (ကိုလိုနီနယ်ချဲ့ ပုံစံသစ်)ဖြင့် နိုင်ငံများစွာကို ကျူးကျော်စွက်ဖက်ကာ ယခင်ကကဲ့သို့ပင် နယ်ချဲ့သွေးစုပ်၊ အမြတ်ထုတ်လုပ်ရပ်မျိုး လုပ်ဆောင်လျက်ရှိရာတွင် မြန်မာတို့၏ ပြည်ထောင်စုကြီးပြိုကွဲအောင် ရေးရှုစွက်ဖက် လုပ်ဆောင်လာသည်ကို ကြုံရသဖြင့် တိုင်းရင်းသား ပြည်သူများနှင့် တပ်မတော်တည်းဟူသော အမျိုးသားရေး အင်အားစုကြီးက ပြည်ထောင်စုကြီး မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသား စည်းလုံး[...] မှုဖြင့် ကာကွယ်စောင့်ရှောက်လျက်ရှိနေပေသ[...]

အမျိုးသားရေး(ဝါ) အမျိုးသားနိုင်ငံ[...] ခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်ကိုယ်စီဖြင့် [...] ပြည်ထောင်စုကြီး ငြိမ်းချမ်းလာစေရန် ၁၉၈၈ [...] ယနေ့တိုင် ကြိုးပမ်းဆောင်ရွက် အောင်မြင်ခဲ့[...] ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် [...] တည်ဆောက်ရေးကို ပြည်သူတို့နှင့် တစ်သာ[...] လက်တွဲဆောင်ရွက် ဖြည့်ဆည်းပေးခဲ့သည်။ ဤ[...] မှာ လွတ်လပ်ရေးကို တိုက်ယူရန် ဖွဲ့စည်းတည်[...] ခဲ့သော မြန်မာ့တပ်မတော်က လွတ်လပ်ရေးကို[...] တစိုက် ကာကွယ်စောင့်ရှောက်ပေးခဲ့ရင်း ပြည်[...] လွတ်လပ်ရေးအရသာကို အပြည့်အဝ ခံစား[...] အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖြည့်[...] ဆောင်ရွက်ပေးနေသော ထင်သာ မြင်သ[...] အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များပင် ဖြစ်သ[...]

တပ်မတော်၏ သမိုင်းသည် စစ်ရေးသ[...] သာမက လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၊ လွ[...] ရေး ကာကွယ်မှုသမိုင်း၊ အေးချမ်းသာယာ၍ [...] ဖွံ့ဖြိုးသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမို[...] နိုင်ငံတော်ကြီး ပေါ်ထွန်းရေးသမိုင်းလည်း ဖြစ်[...]

ထို့ကြောင့်လည်း သမိုင်းရေးအ[...] အမျိုးသားညီလာခံက မူများချမှတ်ပြီး နိုင်[...] ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ကော်[...] ရေးဆွဲထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်[...] ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈) တွင် တပ်မတော်နှင့် ပတ်သက်သော အခြေခံမူများ ထည့်သွင်း ဖော်ပြထားခြင်း ဖြစ်သည်။

အဆိုပါ အခြေခံမူများတွင် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်မည်။ ပြည်ထောင်စု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ရှောက်မည်။ ဤသို့ နိုင်ငံနှင့်နိုင်ငံသား၊ နိုင်ငံသားတို့၏ လွတ်လပ်ရေးကို ပြည်တွင်း ပြည်ပ အန္တရာယ် မကျရောက်အောင် ကာကွယ်ပေးနိုင်သည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်၊ မျိုးချစ် တပ်မတော်ဖြစ်ကြောင်း ခိုင်မာ ပီပြင်ထင်ရှားစွာ ဖော်ပြထားခြင်းဖြစ်သည်။ ဤတာဝန်များကို တိုင်းရင်းသား ပြည်သူများက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြပြီး တာဝန်ပေးအပ်လိုက်ခြင်းဖြစ်သည်ဟု ဆိုလိုက်ရပါသည်။ ။

အမျိုးသားရေး (ဝါ) အမျိုးသားနိုင်ငံရေးကိုခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်ကိုယ်စီဖြင့် မြန်မာပြည်ထောင်စုကြီး ငြိမ်းချမ်းလာစေရန် ၁၉၈၈ ခုနှစ်မှ ယနေ့တိုင် ကြိုးပမ်းဆောင်ရွက် အောင်မြင်ခဲ့သည်။ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံတည်ဆောက်ရေးကို ပြည်သူတို့နှင့် တစ်သားတည်း လက်တွဲဆောင်ရွက် ဖြည့်ဆည်းပေးခဲ့သည်။ ဤသည်မှာ လွတ်လပ်ရေးကိုတိုက်ယူရန် ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာ့တပ်မတော်က လွတ်လပ်ရေးကို အစဉ်တစိုက် ကာကွယ်စောင့်ရှောက်ပေးခဲ့ရင်း ပြည်သူများ လွတ်လပ်ရေးအရသာကို အပြည့်အဝခံစားနိုင်ရန်အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးနေသော ထင်သာမြင်သာသည့် အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များပင်ဖြစ်။

အခန်းဆက်[...]

❒ ပွင့်သစ်ငုံစီ၊ ဆောင်းပန်းချီဝယ် ချယ်ရီနီမောင်း၊ အားသစ်လောင်း၍ ကျောင်းဆင်းခါစ၊ ညီငယ်လှတို့ ဆံစတိုတို၊ နေညိုနီလောင် သားရောင်မွဲလျက်၊ နွေတစ်ရက်ဝယ် နှုတ်ဆက်အလေးပြု၊ ပျော်ရွှင်မှုဖြင့် သူ့တာကိုယ့်တာ၊ ကျေပွန်ပါအောင် ပမာငှက်ငယ်၊ ပျံမည့်နှယ်သို့ ဒို့ဝယ်ခွဲခွာ၊ နှစ်များစွာပင် ရာသီဆင့်လောင်း ပြောင်းခဲ့ပြီ။

❒ နှစ်ပေါင်းသုံးဆယ်၊ ခုဝယ်လှည့်ပြော[...] ချိန်ကြာညောင်းပြီ၊ ပြောင်းကြရွှေ့ကြ[...] တာဝန်ကျသည့်၊ ဒေသအနှံ့ ခြေဆန့်ဦးတည်၊ ခရီးရှည်ခဲ့ နောင်ညီအစုံ၊ မတွေ့ဆုံလည်း တွေ့ဆုံသည့်အလား၊ သတင်းများကို[...] ကြားရဝမ်းသာ၊ ဂုဏ်ယူပါ၏ ဘယ်မှာဘယ်သူ၊ အောင်ပန်းချူလျက်[...]

အခန်းဆက်တာဝန်

❒ ပွင့်သစ်ငုံစီ၊ ဆောင်းပန်းချီဝယ်
ချယ်ရီနီမောင်း၊ အားသစ်လောင်း၍
ကျောင်းဆင်းခါစ၊ ညီငယ်လုတို့
ဆံစတိုတို၊ နေညိုနီလောင်
သားရောင်မွဲလျက်၊ နွေတစ်ရက်ဝယ်
နှုတ်ဆက်အလေးပြု၊ ပျော်ရွှင်မှုဖြင့်
သူ့တာကိုယ့်တာ၊ ကျေပွန်ပါအောင်
ပမာငှက်ငယ်၊ ပျံမည့်နှယ်သို့
ဒို့ဝယ်ခွဲခွာ၊ နှစ်များစွာပင်
ရာသီဆင့်လောင်း ပြောင်းခဲ့ပြီ။

❒ နှစ်ပေါင်းသုံးဆယ်၊ ခုဝယ်လှည့်ပြောင်း
ချိန်ကြာညောင်းပြီ၊ ပြောင်းကြရွှေ့ကြ
တာဝန်ကျသည့်၊ ဒေသအနှံ့
ခြေဆန့်ဦးတည်၊ ခရီးရှည်ခဲ့
နောင်ညီအစုံ၊ မတွေ့ဆုံလည်း
တွေ့ဆုံသည့်အလား၊ သတင်းများကို
ကြားရဝမ်းသာ၊ ဂုဏ်ယူပါ၏
ဘယ်မှာဘယ်သူ၊ အောင်ပန်းချူလျက်
ဘယ်သူတွေက၊ ဘယ်ဒေသ၌
ကျသည့်တာဝန်၊ ထမ်းကျေပွန်ကြ
သိမ်းစွန်ငှက်လား၊ မိုးတိမ်ကြားဝယ်
ပျံသွားလျက်ပါ၊ အချို့မှာတည့်
ရေပြာလှိုင်းကြား၊ ပျော်သည့်ငါးသို့
လူးလာခေါက်တုံ့၊ အချို့ကြုံ၏
ပြည့်ဂုဏ်မြင့်တင်၊ အချို့တွင်မူ
စုံလင်သတင်း၊ ဂုဏ်ထင်လင်းသည်
ဆွေရင်းနောင်ညီ၊ အောင်စစ်သည်။
ကိုယ်စီတာဝန် ကျေဘိသည်။

❒ ယော်–အစ်ကိုမှ ညီ၊ ညီမှ တူသား
မြေးမြစ်များတိုင်
သွားဆဲအားခဲ၊ မနားဘဲတည့်
ရဲရဲရက်ရက်၊ တိုင်းပြည်တွက်လျှင်
အသက်ကိုမမှု၊ သူရဲဟူစွ
ညီတူအစွမ်း၊ အံ့ဘနန်းလျှင်
အခန်းဆက်တာဝန်၊ ထမ်းကျေပွန်သည်
ပြည့်မွန်ရင်နှစ်စစ်တကား။ ။

(၆၃)နှစ်မြောက်တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုလျက်–

စိုးမိုး(ပုသိမ်)

တည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်စောင့်ရှောက်လျက်ရှိနေပေသည်။

အမျိုးသားရေး(ဝါ) အမျိုးသားနိုင်ငံရေးကို ခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်ကိုယ်စီဖြင့် မြန်မာပြည်ထောင်စုကြီး ငြိမ်းချမ်းလာစေရန် ၁၉၈၈ ခုနှစ်မှ ယနေ့တိုင် ကြိုးပမ်းဆောင်ရွက် အောင်မြင်ခဲ့သည်။ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံတည်ဆောက်ရေးကို ပြည်သူတို့နှင့် တစ်သားတည်းလက်တွဲဆောင်ရွက် ဖြည့်ဆည်းပေးခဲ့သည်။ ဤသည်မှာ လွတ်လပ်ရေးကို တိုက်ယူရန် ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာ့တပ်မတော်က လွတ်လပ်ရေးကို အစဉ်တစိုက် ကာကွယ်စောင့်ရှောက်ပေးခဲ့ရင်း ပြည်သူများလွတ်လပ်ရေးအရသာကို အပြည့်အဝ ခံစားနိုင်ရန်အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးနေသော ထင်သာ မြင်သာသည့် အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များပင် ဖြစ်သည်။

တပ်မတော်၏ သမိုင်းသည် စစ်ရေးသမိုင်းမျှသာမက လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၊ လွတ်လပ်ရေး ကာကွယ်မှုသမိုင်း၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးသမိုင်းလည်း ဖြစ်သည်။

ထို့ကြောင့်လည်း သမိုင်းရေးအမြင်ဖြင့် အမျိုးသားညီလာခံက မူများချမှတ်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး ကော်မရှင်က ရေးဆွဲထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈) တွင် တပ်မတော်နှင့် ပတ်သက်သော အခြေခံမူများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်သည်။

အဆိုပါ အခြေခံမူများတွင် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်မည်။ ပြည်ထောင်စု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ရှောက်မည်။ ဤသို့ နိုင်ငံနှင့်နိုင်ငံသား၊ နိုင်ငံသားတို့၏ လွတ်လပ်ရေးကို ပြည်တွင်းပြည်ပ အန္တရာယ် မကျရောက်အောင် ကာကွယ်ပေးနိုင်သည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သောခေတ်မီတပ်မတော်၊ မျိုးချစ် တပ်မတော်ဖြစ်ကြောင်း ခိုင်မာ ပီပြင်ထင်ရှားစွာ ဖော်ပြထားခြင်းဖြစ်သည်။ ဤတာဝန်များကို တိုင်းရင်းသား ပြည်သူများက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြပြီး တာဝန်ပေးအပ်လိုက်ခြင်းဖြစ်သည်ဟု ဆိုလိုက်ရပါသည်။ ။

(၆၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ကောင်းထက်

■ *ကျောဖုံးမှ*

သစ္စာမော်ကွန်း ဇာတ်ကား၊ ဇာတ်ညွှန်းကို မည်သည့် ရည်ရွယ်ချက်ဖြင့် ရေးသားခဲ့မှုအား မေးမြန်းခဲ့ရာ "တပ်မတော်သားတွေရဲ့ စွန့်လွှတ်အနစ်နာခံမှု၊ ရဲဘော်အချင်းချင်း တစ်ဦးပေါ် တစ်ဦးထားတဲ့ မေတ္တာ၊ သစ္စာနဲ့ သံယောဇဉ်တွေကို ဖော်ကျူးချင်တာရယ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးကို အဓိက ဦးတည်ချင်တာရယ်

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးကို အဓိက ဦးတည်ရေးဖွဲ့ထားခြင်း ဖြစ်ပါတယ်။

ဗိုလ်ကြီးတင်အောင်စိုး
ဝတ္ထုဇာတ်ညွှန်း တင်အောင်စိုး
(ပန်းမြို့တော်)

ကြောင့် ရေးဖွဲ့ထားခြင်း ဖြစ်ပါတယ်"ဟု တင်အောင်စိုး (ပန်းမြို့တော်)က ရှင်းပြသည်။

ထို့အပြင် ပေးအပ်သည့် အမိန့်နဲ့ တာဝန်ကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်တတ်တဲ့ တပ်မတော်သားတွေရဲ့ အကြောင်းကို တပ်မတော်သား တစ်ဦးချင်းစီ၏ ဘဝများနှင့် ပေါင်းစပ်ရေးဖွဲ့ထားခြင်းကိုလည်း ချစ်ခြင်း၊ မေတ္တာ၊ သံယောဇဉ်တွေနဲ့ ခြယ်မှုန်းတင်ပြထားခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ဂုဏ်ပြုရိုက်ကူး

ယခု "သစ္စာမော်ကွန်း" ရုပ်ရှင်ဇာတ်လမ်းမှာ ယခင်က "ကျွန်းတစ်ထောင် နှလုံးသား"အမည်ဖြင့် နှစ်(၆၀)ပြည့် တပ်မတော်နေ့စာပေနှင့် အနုပညာပြိုင်ပွဲ၌ ပထမဆုရရှိခဲ့သော ဝတ္ထုလည်းဖြစ်သည်။ ထိုဝတ္ထုကို တင်အောင်စိုး(ပန်းမြို့တော်)ကိုယ်တိုင် ဇာတ်ညွှန်းခွဲပြီး ယခု တပ်မတော်နေ့ ဂုဏ်ပြုအထိမ်းအမှတ် ရုပ်မြင်သံကြားဇာတ်လမ်း ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

ယခုဇာတ်လမ်းမှာလည်း ရှမ်းပြည်နယ် ကျိုင်းတောင်းရေတံခွန်သွားရာလမ်းရှိ ကျေးရွာတစ်ရွာ၌ ဗိုလ်ကြီးတင်အောင်စိုး ဗိုလ်ဘဝဖြင့် တာဝန်ထမ်းဆောင်ခဲ့စဉ် ကျေးရွာမိသားစုတစ်ခုကို အခြေခံကာရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ တိုင်းရင်းသားများနှင့် တပ်မတော်သားတို့၏သံယောဇဉ်များကိုလည်း ယခု ဇာတ်ကား၌ ထည့်သွင်းထားမှုကို တွေ့ရမည်ဖြစ်သည်။

ဇာတ်အိမ်ဖွဲ့

"သစ္စာမော်ကွန်း" ဇာတ်ကားနှင့် ပတ်သက်ပြီး ဇာတ်လမ်းအကျဉ်းကို မေးမြန်းရာ တင်အောင်စိုး(ပန်းမြို့တော်) က "တက္ကသိုလ်ကျောင်းသားဘဝကို အခြေခံပြီးနောက် တပ်မတော်အရာရှိ ဘဝ၊ ချစ်သူနဲ့ဝေးကွာခဲ့မှု၊ စစ်ဆင်ရေး ဆောင်ရွက်ချိန်မှာ ချစ်သူနဲ့ပြန်တွေ့၊ ချစ်သူရဲ့အစ်ကိုက သောင်းကျန်းသူ ခေါင်းဆောင်ဖြစ်နေ၊ ချစ်သူက အစ်ကိုဖြစ်သူ အလင်းဝင်အောင် ကြိုးစားမှု၊ တိုက်ပွဲတွေနဲ့ နောက်ဆုံး အစ်ကိုဖြစ်သူ အလင်း

နန်းရွှေကြာနုအဖြစ် သရုပ်ဆောင်ရပါတယ်။

သက်မွန်မြင့်
သရုပ်ဆောင်

ပြန်ဝင်လာခဲ့ပုံတွေကို ဇာတ်အိမ်ဖွဲ့ထားပါတယ်"ဟု ရှင်းပြသည်။

အဖော်သဟဲ

ယခု ထုတ်လွှင့်ပြသတော့မည့် "သစ္စာမော်ကွန်း" ဇာတ်ကား၌ မှတ်မှတ်ရရစကားလုံးများကို မေးမြန်းရာ "ဗိုလ်ကြီးနေဦးနဲ့ တပ်ကြပ်ကြီးမျိုးချစ်တို့ ရွာဦးဘုန်းတော်ကြီးထံ လှူဖွယ်ပစ္စည်းတွေ သွားရောက်လှူဒါန်း တဲ့အခါ အဲဒီဘုန်းတော်ကြီးက ၁၉၆၂ ခုနှစ် မင်္ဂလာဒုံတပ်မြို့မှာ ရှင်ဇနကာဘိဝံသ ဟောကြားခဲ့တဲ့ 'စစ်တပ် တရားတော်'ထဲက ရှေးမင်းကောင်း မင်းမြတ်တွေဟာ တိုင်းပြည်ကို အုပ်ချုပ်တဲ့အခါ စစ်တပ်ကို အဖော်သဟဲလုပ်ပြီး အုပ်ချုပ်ခဲ့ရပုံ၊ တိုင်းပြည် အစွန်အဖျား၌ သူပုန်များ ထကြွ သောင်းကျန်းမှုကြောင့် ကျေးရွာများပျက်စီးခဲ့မှုကို မင်းကောင်း မင်းမြတ်က သူ့ရဲ့စစ်တပ်ကိုခေါ်ပြီး 'အမောင်တို့သွားကြ၊ ကျေးရွာတွေ ဘေးအန္တရာယ်ကင်းအောင်၊ စည်ကားအောင်လုပ်ကြ' လို့ စေလွှတ်တော်မူခဲ့တယ်" ဆိုတဲ့ အပြောတွေ ပါဝင်ကြောင်း တင်အောင်စိုး (ပန်းမြို့တော်)က ရှင်းပြသည်။

ထို့အပြင် "စစ်သားဆိုတာ မင်းတို့ထင်သလို လက်နက်နဲ့ ရမ်းကားနေတာ မဟုတ်ဘူး၊ လူ့အသက်တစ်ချောင်းကို တန်ဖိုးထားတယ်"ဆိုသည့် စကားများကိုလည်း ဇာတ်လမ်းဇာတ်ကွက်နှင့် ကိုက်ညီအောင် သုံးထားနိုင်မှုကို တွေ့ရသည်။

သရုပ်ဆောင်များအပိုင်းနှင့် ပတ်သက်၍လည်း "သရုပ်ဆောင်တွေအားလုံး ချီးကျူးဖို့ကောင်းကြောင်း၊ အခက်အခဲမျိုးစုံကြားမှ အောင်မြင်အောင်ရိုက်ကူးခဲ့ကြကြောင်း၊ အထူးသဖြင့် သက်မွန်မြင့်မှာ တပ်မတော်နေ့ဂုဏ်ပြု အထိမ်းအမှတ်ကား သုံးကားရိုက်ကူးပြီးဖြစ်ကြောင်း၊ ကိုယ်တိုင်စေတနာထက်သန်စွာနဲ့ တောထဲအထိ လိုက်ပြီး ရိုက်ကူးသရုပ်ဆောင်ပေးကြောင်း၊ ဒီအတွက် ကျေးဇူးတင်ကြောင်း" တင်အောင်စိုး (ပန်းမြို့တော်) က ဖွင့်ဟသွားသည်။

ထို့နောက် "သစ္စာမော်ကွန်း" ဇာတ်ကား၌ အဓိကအမျိုးသမီးသရုပ်ဆောင် နန်းရွှေကြာနု(သက်မွန်မြင့်) အား တွေ့ဆုံမေးမြန်းခဲ့ရာ "ဒီဇာတ်ကားမှာ သောင်းကျန်းသူညီမ နန်းရွှေကြာနုအဖြစ် သရုပ်ဆောင်ရတယ်။ အစ်ကိုဖြစ်သူ အလင်းဝင်မယ့်ကိစ္စမှာ ကူညီဆောင်ရွက်ပေးရပါတယ်။ ချစ်သူဖြစ်တဲ့ ဗိုလ်ကြီးနဲ့ အစ်ကိုဖြစ်တဲ့ သောင်းကျန်းသူ ခေါင်းဆောင်အကြားမှာ အတတ်နိုင်ဆုံး သရုပ်ဆောင်ပေးခဲ့ရတာပါ" ဟု ပြောပြသည်။

ထို့နောက် "စိတ်ဝင်စားစရာအခန်းမှာ ရှမ်းစကားပြောခန်း၊ ရှမ်းစကားသင်ခန်းနဲ့ ဇာတ်သိမ်းခန်းတွေမှာ တတ်နိုင်သလောက် ပီပြင်အောင် သရုပ်ဆောင်ခဲ့ပါတယ်" လို့လည်း ရှင်းပြသည်။

ရင်ခုန်စွာမြင်တွေ့

ထို့ကြောင့် သရုပ်ဆောင်ပေါင်းများစွာဖြင့် အချစ်၊ အလွမ်း၊ အကြမ်းများပါဝင်သော **"သစ္စာမော်ကွန်း"** ဇာတ်ကားကို မကြာမီပရိသတ်များ ရင်ခုန်စွာ မြင်တွေ့ကြည့်ရှုရတော့မှာ ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

ဇာတ်ညွှန်းရေးသားသူ ဗိုလ်ကြီးတင်အောင်စိုး စစ်ဘက်ဇာတ်ဝင်ခန်းနှင့် ပတ်သက်၍ ဤသို့ အကြံပြုခဲ့သည်။

ကြည့်ရှု စစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ခပေါင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၃ မှ

သိန်း၂၀ကျော်အထိ တိုးတက်လာခဲ့ကြောင်း၊ မိုးစပါးဧကသိန်း၃၀ကျော်၊ နွေစပါးဧကသုံးသိန်းခွဲ စသည်ဖြင့် စပါးစိုက်ပျိုးထုတ်လုပ်မှုမှာလည်း သိသိသာသာ မြင့်တက်လာလျက်ရှိကြောင်း။

ထို့အတူ ဆီထွက်သီးနှံစိုက်ပျိုးမှုမှာလည်း ယခင်က ဧက ၁၁သမ၅သိန်းခန့်ရှိခဲ့ရာမှ ယခုဧက လေးသိန်းကျော် ငါးသိန်းခန့်အထိလည်းကောင်း၊ ပဲမျိုးစုံစိုက်ဧရိယာဧက နှစ်သိန်းကျော်မှ ဧက ၁၃သိန်းကျော်အထိ လည်းကောင်း တိုးတက်လာခဲ့ပြီး လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုတစ်ရပ်လုံးမှာ ယခင်အခြေအနေများနှင့်မတူတော့ဘဲ တန်ဖိုးအရရော၊ ထုတ်လုပ်မှုအရေအတွက်အရပါ သိသာစွာ ပြောင်းလဲတိုးတက်လာလျက်ရှိကြောင်း။

ယင်းသို့ ပြောင်းလဲတိုးတက်မှုများသည် နိုင်ငံတော်အစိုးရ၏ ဖန်တီးဖော်ဆောင်သည့် အခြေအနေကောင်းများကို ဒေသခံပြည်သူများက ထိထိရောက်ရောက် အသုံးချပြီး ကြိုးကြိုးစားစား အလုပ်လုပ်ခဲ့ခြင်းကြောင့် ပေါ်ထွက်လာသည့် အကျိုးရလဒ်ကောင်းများပင်ဖြစ်ကြောင်း။

ခိုင်ခိုင်မာမာရပ်တည်

ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သည့် ယခုကဲ့သို့ ဆည်တမံလုပ်ငန်းများအပြင် ရေအားလျှပ်စစ်ဖွံ့ဖြိုးရေးလုပ်ငန်းကိုပါ ပူးတွဲဖန်တီး တည်ဆောက်မှုများကို ကြည့်မည်ဆိုလျှင် ယခု ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမတိုင်မီကပင် မဂ္ဂါဝပ်၂၀ရှိသည့် ဇောင်းတူရေအားလျှပ်စစ်၊ ၂၅မဂ္ဂါဝပ်ရှိသည့် ရဲနွယ်ရေအားလျှပ်စစ်၊ နှစ်မဂ္ဂါဝပ်အားရှိသည့် ပသိရေအားလျှပ်စစ် စသည့် စက်ရုံလေးခုတို့ကို တည်ဆောက်ထူထောင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး မဂ္ဂါဝပ် ၄၀ရှိသည့် ဖြူးချောင်းစီမံကိန်း၊ မဂ္ဂါဝပ် ၆၀ရှိသည့် ကွန်းချောင်းစီမံကိန်း၊ ၇၅မဂ္ဂါဝပ်ရှိသည့် ရွှေကျင်စီမံကိန်း၊ မဂ္ဂါဝပ် ၁၄၀ရှိသည့် သောက်ရေခပ်(၂) စီမံကိန်းများကိုလည်း တည်ဆောက်လျက်ရှိကြောင်း၊ စီမံကိန်းအားလုံး ပြီးစီးသည့်အချိန်တွင် ပဲခူးတိုင်းသည် လယ်ယာကဏ္ဍမှာသာမက လျှပ်စစ်စွမ်းအားကဏ္ဍ၌လည်း နိုင်ငံတော်က အားထားသည့် တိုင်းတစ်ခုအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်သွားမှာဖြစ်ကြောင်း။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ

ယနေ့ကာလသည် နိုင်ငံတော်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍစုံမှ ဘက်စုံဖွံ့ဖြိုးလာအောင် အခြေချထူထောင်နေသောကာလဖြစ်ကြောင်း၊ အခြေခံကောင်းများ အတော်အတန်ပြည့်စုံနေပြီဖြစ်သည့်အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းအစီအစဉ်များကို ချမှတ်ပြီး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိရာတွင်လည်း ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပတော့မည့်အဆင့်ကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ဒီလိုအခြေအနေ အချိန်မျိုးတွင် ပြည်ပစွက်ဖက်မှု၊ နှောင့်ယှက်မှုနှင့်ဖိအားပေးမှုများကလည်း ပုံစံအမျိုးမျိုး၊ အကြောင်းပြချက်အဖုံဖုံနှင့် ရှိနေဆဲဖြစ်သည့်အတွက် တစ်မျိုးသားလုံး ပေါင်းစည်းညီညွတ်သည့်အင်အားနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ လွတ်လပ်မှု၊ မိမိပြည်တွင်းရေးကို ကိုယ်ပိုင်ဆုံးဖြတ်ပြဋ္ဌာန်းပိုင်ခွင့်တို့ကို မြဲမြဲခိုင်ခိုင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမှာ ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့် လိုက်လျောညီညွတ်စွာ စုပေါင်းညှိနှိုင်းရေးဆွဲထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် ကိုယ်ပိုင်အနှစ်၊ ကိုယ်ပိုင်အခြေခံဥပဒေကြီးဖြစ်ကြောင်း၊ ယင်းအခြေခံဥပဒေမူကြမ်း အတည်မဖြစ်စေရေးအတွက် သွေးထိုး၊ သွေးခွဲ လှုံ့ဆော်မှုများသည် ဒီမိုကရေစီ လူနေမှုဘဝကို ဖော်ဆောင်ရန် အလှမ်းဝေးစေပြီး အဆုံးအစွန်မှာ နိုင်ငံတော်ကို အနောက်နိုင်ငံကြီးအချို့၏ အခြွေအရံ နိုင်ငံဘဝ၊ နောက်မြီးဆွဲနိုင်ငံဘဝကို နိမ့်ကျလျောဆင်းသွားစေမှာ ဖြစ်သည့်အတွက် တစ်မျိုးသားလုံးက အစစသတိထားပြီး အစွမ်းကုန် ကာကွယ်တားဆီးသွားကြရမှာပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်စလုံးကို ပြီးစီးအောင်မြင်အောင် ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ကြရမှာဖြစ်ကြောင်း၊ ဤသည်မှာ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးတာဝန်လည်းဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

နိဂုံးချုပ်အားဖြင့် ခပေါင်းစီမံကိန်းကို တာဝန်ယူတည်ဆောက်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်း အဆင့်အတန်းအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် ယနေ့ဖွင့်လှစ်လိုက်သည့် ခပေါင်းရေလှောင်တမံနှင့် ရေအားလျှပ်စစ်စက်ရုံတို့သည် တိုင်းကျိုးပြည်ဆောင် ဘက်စုံစီမံကိန်းကြီးအဖြစ် ရေရှည်တည်တံ့အသုံးဝင်နေအောင် ဝိုင်းဝန်းထိန်းသိမ်းကြပါ၊ ပတ်ဝန်းကျင်သစ်တောသစ်ပင်များကိုလည်း ကာကွယ်စောင့်ရှောက်ပြုစုကြပါဟု တိုက်တွန်းမှာကြား နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ခပေါင်းရေလှောင်တမံ တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ဒေသခံပြည်သူများကိုယ်စား အုတ်တွင်းမြို့နယ်မှ ဦးသန်းထိုက်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခပေါင်းရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ခပေါင်းရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ရှေ့၌ နေရာယူကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် အတွင်းရေးမှူး(၁)က ခပေါင်းရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးနှင့် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့က ခပေါင်းရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)၊ တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ခပေါင်းရေလှောင်တမံအား လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ခပေါင်းရေလှောင်တမံသည် ပဲခူးတိုင်း အုတ်တွင်းမြို့၏ အနောက်ဘက် ၁၅မိုင်ခန့်အကွာ ခပေါင်းချောင်းပေါ်တွင် တည်ဆောက်ထားပြီး မြေသားတမံအမျိုးအစားဖြစ်ကာ ရေလှောင်တမံအမြင့်သည် ပေ၂၀၀ရှိ၍ အလျားမှာပေ၈၂၀ရှိသည်။ ဆည်ရေပေးနိုင်သည့်ဧရိယာမှာ လယ်မြေဧကတစ်သိန်းသို့ ရေပေးဝေနိုင်မည်ဖြစ်သည်။ ခပေါင်းရေလှောင်တမံသည် ၂၀၉ခုမြောက်ဖွင့်လှစ်သော ရေလှောင်တမံဖြစ်ပြီး ပဲခူးတိုင်းအတွင်း တည်ဆောက်ပေးခဲ့သော ရေလှောင်တမံများအနက် ၄၅ခုမြောက် ဖွင့်လှစ်နိုင်ခဲ့သော တမံဖြစ်သည်။

ယင်းနောက် ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမုခ်ဦးရှေ့၌ နေရာယူကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးတို့က ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ မုခ်ဦးရှေ့၌ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် အတွင်းရေးမှူး(၁)သည် ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့ကလည်း ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ ဖရန်စစ်တာဘိုင်နှင့် ဂျင်နရေတာစက်နှစ်လုံး လည်ပတ်နေမှု၊ ရေထုတ်မြောင်းနှင့် Control Room တို့အား လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ CHMC နှင့် CNEECတို့မှ ပညာရှင်များအား ဂုဏ်ပြုပန်းခြင်းလက်ဆောင်များပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ရှင်းလင်းခန်းမဆောင်သို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အတွင်းရေးမှူး(၁)အား စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ထွေးဦးက ခပေါင်းရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းက ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် ရှုရပ်မှနေ၍ ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး နံနက်၁၁နာရီတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ပဲခူးတိုင်း အုတ်တွင်းမြို့နယ်ရှိ ခပေါင်းရေလှောင်တမံနှင့် ခပေါင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ကို ဤသို့တွေ့ရသည်။
ဓာတ်ပုံ–အောင်သန်း(မင်္ဂလာတောင်ညွန့်)

တောင်သူလယ်သမားများ၏ လူနေမှုဘဝ အဆင့်မြင့်မားလာစေရန် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင်အထည်ဖော်ခဲ့

ကွင်းဆင်းမေးမြန်းသူ–ကျော်စိန် ဓာတ်ပုံမှတ်တမ်း–အောင်သန်း(မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု–ကြည်ဝင်း

ရန်ကုန် မတ် ၂၃

ခပေါင်းရေလှောင်တမံစီမံကိန်းသည် ခပေါင်းချောင်းပေါ်တွင် မြေသားတမံတည်ဆောက်၍ တောင်ငူမြို့နယ်နှင့် အုတ်တွင်းမြို့နယ်အတွင်းရှိ လယ်မြေဧရိယာ ဧက ၁၀၀၀၀၀ အား ရေပေးသွင်းနိုင်မည်ဖြစ်သည်။

ရောက်ရှိခဲ့

မြန်မာ့အလင်း သတင်းအဖွဲ့သည် ခပေါင်း ရေလှောင်တမံ စီမံကိန်း တည်ရှိရာ ပဲခူးတိုင်းအုတ်တွင်းမြို့နယ် ခပေါင်းချောင်းနှင့် ပရိုင်းချောင်းဆုံ အောက်ဘက် ၁ ဒသမ ၂၅မိုင်ခန့်တွင် တည်ရှိသော ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ မတ် ၁၅ ရက်က ရောက်ရှိခဲ့သည်။

ခပေါင်း ရေလှောင်တမံစီမံကိန်းတွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)မှအကြံပေးအရာရှိ ညွှန်ကြားရေးမှူး ဦးမြင့်သန်း၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ဖိုလ်၊ လက်ထောက် ညွှန်ကြားရေးမှူး(စက်မှု) ဦးဘမြင့်နှင့် ဦးစီးအရာရှိများအား စုံညီစွာ တွေ့ဆုံခဲ့သည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ခပေါင်းရေလှောင်တမံဘက်စုံစီမံကိန်းမှဦးမြင့်သန်း၊ အကြံပေးအရာရှိ ညွှန်ကြားရေးမှူး တည်ဆောက်ရေး(၅)အား ခပေါင်းရေလှောင်တမံတွင် တွေ့ဆုံမေးမြန်းရာ “ခပေါင်းရေလှောင်တမံ စီမံကိန်းဟာ ရဲနွယ်ရေလှောင်တမံ၊ ဖြူးရေလှောင်တမံ အပါအဝင် စစ်တောင်းမြစ်ဝှမ်း စီမံကိန်းတွင် တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဒီစီမံကိန်းကို ဟိုယခင်အစိုးရတွေလက်ထက်ကပင် ရည်ရွယ်ချက်ရှိပါတယ် စီမံကိန်းကလဲကြီး၊ လုပ်ရမှာကလဲ ခက်ခဲ၊ ရန်ပုံငွေကလဲ လိုအပ်ချက်ရှိနေတော့ ချက်ချင်း အကောင်အထည် မဖော်နိုင်ဘဲ ရှိခဲ့တယ်၊ တပ်မတော်အစိုးရလက်ထက်မှာ စိုက်ပျိုးရေးကို အခြေခံပြီးတော့ အခြားစီးပွားရေးကဏ္ဍတွေကို တိုးတက်အောင်ဆောင်ရွက်မယ်ဆိုတော့ နိုင်ငံတော် အကြီးအကဲအနေနှင့် ဆည်မြောင်းဦးစီးဌာနကို ရေလှောင်တမံ အကြီး၊ အလတ်၊ အငယ်သုံးမျိုးစလုံးကို ဒေသရဲ့လိုအပ်ချက်အရ၊ နိုင်ငံတော်ရဲ့လိုအပ်ချက်အရ တည်ဆောက်ဖို့ တာဝန်ပေးလာပါတယ်။

ဆက်လက်ဆောင်ရွက်

တာဝန်ပေးတဲ့အထဲမှာစစ်တောင်းမြစ်ဝှမ်း စီမံကိန်းအရ ဆည်မြောင်းဌာနအနေနှင့် ရဲနွယ်၊ ဖြူး၊ ခပေါင်းတို့ကို ဦးစားပေး လုပ်တဲ့အခါမှာ ရဲနွယ် စီမံကိန်းသည် ပြီးသွားပြီး လျှပ်စစ်ဓာတ်အားထုတ်နေပြီ၊ ဒုတိယပြီးစီးတာကတော့ ခပေါင်းစီမံကိန်း

ကျောက်သားများနဲ့ ရေလွှဲဥမင်ကိုလည်း မြန်မာအင်ဂျင်နီယာတွေနဲ့ အထဲကသုံးတဲ့ သံပုံစံကအစ တီထွင်ထုတ်လုပ်ဆောင်ရွက်ခဲ့ပါတယ်။

ဦးမြင့်သန်း
အကြံပေးအရာရှိ
ညွှန်ကြားရေးမှူး
တည်ဆောက်ရေး(၅)

ဖြစ်ပါတယ်။ ခပေါင်းရေလှောင်တမံ စီမံကိန်းကြီး ပြီးစီးသွား၍ ၎င်းနှင့် ဆက်နွယ်ပြီး တည်ဆောက်တဲ့ လျှပ်စစ်စီမံကိန်းကြီးပြီးသွားလို့ ရေပေးဝေဖို့လဲ အဆင်သင့်ဖြစ်သွားပြီး လျှပ်စစ်ဓာတ်အားလဲ ထုတ်နေပါပြီ၊ တတိယဖြူးရေလှောင်တမံ စီမံကိန်းကိုလည်း ဆက်လက်ဆောင်ရွက်နေပါပြီ။

တီထွင်မှု

ဒီလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ ရေလှောင်တမံသာ မဟုတ်ဘဲ ခဲရာခဲဆစ် ဆောင်ရွက်ရတဲ့ ကျောက်သားများနှင့် ရေလွှဲဥမင်ကိုလည်း မြန်မာအင်ဂျင်နီယာတွေနှင့် အထဲက သုံးတဲ့သံပုံစံကအစ တီထွင်ထုတ်လုပ်ပြီးတော့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကို ဆောင်ရွက်ဖို့အတွက် အင်ဂျင်နီယာတွေဟာ အဆင့်ဆင့် ရေလွှဲဥမင်တည်ဆောက်ခြင်းပညာကိုလည်း သင်ရတယ်။ စက်မှုပိုင်းဆိုင်ရာ တီထွင်မှုကိုလည်းဆောင်ရွက်ခဲ့ရတယ်။ ဒီလိုစက်မှု၊ မြို့ပြ၊ ဘူမိ အရည်အသွေး ထိန်းသိမ်းရေးဆိုပြီးတော့ ဝန်ထမ်းတွေအားလုံးဟာ ဒီဇိုင်းနှင့် ပုံထုတ်ဌာနတို့နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အခါမှာ ယခုလိုလုပ်ငန်းကြီးဟာ အောင်မြင်တာ ဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်အနေနှင့် ဒါတွေကိုဆောင်ရွက်တဲ့အခါမှာ အဓိက ကတော့ တောင်သူလယ်သမားများရဲ့ ဆင်းရဲမှုလျော့ပါးရေး၊ လူနေမှု အဆင့်အတန်းမြင့်မားလာရေး၊ လျှပ်စစ်ဓာတ်အားပါရလာမယ်ဆိုတော့ သူတို့ရဲ့ပညာရေး၊ လူမှုရေးများ အဆင့်မြင့်လာတဲ့အပြင် လျှပ်စစ်ဓာတ်အားကို အသုံးပြုပြီးတော့ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းတွေ တိုးတက်လာမယ်၊ ဆည်မြောင်း၊ ကန်၊ ချောင်းတွေ လုပ်ခြင်းအားဖြင့် လမ်းတွေ အလိုလို ကောင်းလာတယ်။ ဆက်သွယ်ရေးလုပ်ငန်းတွေ ကောင်းလာမယ်။ သီးနှံ ထွက်ရှိလာတဲ့အခါမှာ ဈေးကွက်ကို အချိန်မီပို့နိုင်ရင် ကုန်စိမ်းသီးနှံတွေလဲ အဆင်ပြေတယ်။

အကျိုးပို

ထွက်ရှိလာတဲ့ စပါးတို့၊ ပဲအမျိုးမျိုးတို့ ဒါတွေကို ဆည်မြောင်းက ဖောက်ပေးထားတဲ့ လမ်းတွေကို အသုံးပြုပြီးတော့ တောင်သူလယ်သမားများ အကျိုးရှိလာမှာဖြစ်တယ်။ ဒီစီမံကိန်းမှာ ထူးခြားတာကတော့ တမံကြီးပြီးသွားပြီဆိုရင် ရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ်ကို ဆက်တိုက်ဆောင်ရွက်သွားပြီးတော့ လယ်သမားများရဲ့ အကျိုးအမြန်ရရှိရေးအတွက် နိုင်ငံတော်အနေနှင့် စီစဉ်ဆောင်ရွက် ပေးနေပါတယ်”ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ ခပေါင်းရေလှောင်တမံစီမံကိန်းမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်ဖိုလ်အား တွေ့ဆုံမေးမြန်းရာတွင်–

“ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းဟာ စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဒီစီမံကိန်းရဲ့ ရည်ရွယ်ချက်ကတော့ စိုက်ပျိုးမြေဧက ၁၀၀၀၀၀ ကို ရေပေးဝေဖို့နဲ့ သီးထပ်စွမ်းအားမြှင့်တင်ဖို့၊ ခပေါင်းချောင်းကမ်းဘေး ကျေးရွာများ ရေကြီးမှုကို ကာကွယ်ဖို့၊ ဒေသစိမ်းလန်းစိုက်ပျိုးဖို့နဲ့ ရေအားလျှပ်စစ်ကီလိုဝပ် နာရီသန်းပေါင်း၁၂၀ကို ထုတ်လုပ်ဖို့ဖြစ်ပါတယ်။ ဆည်မြောင်းဦးစီးဌာနအနေနဲ့ ဆည်မြောင်းပိုင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ပြီး ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနအနေနဲ့ ရေအားလျှပ်စစ်ပိုင်း ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်တာဖြစ်ပါတယ်။

တည်ဆောက်

ဒီစီမံကိန်းမှာ ဆည်မြောင်းဦးစီးဌာနအနေနဲ့ တမံတည်ဆောက်ခြင်း၊ ရေလွှဲဥမင်တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ရေလွှဲဆည်တည်ဆောက်ခြင်းနဲ့ ရေသောက်စနစ်တည်ဆောက်ခြင်းတို့ကို တာဝန်ယူတည်ဆောက်တာဖြစ်ပါတယ်။

တမံ၊ ရေလွှဲဥမင်၊ ရေပိုလွှဲနဲ့ ရေလွှဲဆည်တည်ဆောက်ခြင်း လုပ်ငန်းတွေ

ဒီစီမံကိန်း ရည်ရွယ်ချက်က စိုက်ပျိုးမြေဧက ၁၀၀၀၀၀ ရေပေးဝေဖို့နဲ့ ရေအားလျှပ်စစ်ကီလိုဝပ် နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်ဖို့ ဖြစ်ပါတယ်။

ဦးအောင်ဖိုလ်
လက်ထောက်
ညွှန်ကြားရေးမှူး(မြို့ပြ)

ဟာ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ပါတယ်။ ဆည်ရေသောက်စနစ်ကိုလည်း စက်အား၊ လူအင်အားအပြည့်နဲ့ဆောင်ရွက်နေပြီဖြစ်ပါတယ်။ လာမယ့်ပွင့်လင်းရာသီမှာ လယ်မြေတွေကို စတင်ရေပေးဝေနိုင်တော့မှာဖြစ်ပါတယ်။

ဒါ့အပြင် တောင်သူလယ်သမားများကို ရေသုံးစွဲရာမှာ ရေအလေအလွင့်နည်းပါးပြီး အကျိုးရှိစွာ အသုံးပြုနိုင်အောင် ရေအသုံးပြုရေး အသင်းအဖွဲ့တွေကိုလည်း ဆည်ရေသောက် ဧရိယာမှာရှိတဲ့ တောင်သူများနဲ့ ဖွဲ့စည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ရေပေးဝေခြင်း၊ စီမံအုပ်ချုပ်ခြင်းလုပ်ငန်းကို တောင်သူလယ်သမားကိုယ်တိုင် ဌာနဆိုင်ရာဝန်ထမ်းများနဲ့အတူ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်အောင် စီစဉ်ပေးခြင်းဖြစ်ပါတယ်။ လယ်သမားများကိုလဲ လိုအပ်တဲ့ သင်တန်းများပေးပြီး စိုက်ပျိုးရေးနဲ့ ရေပေးဝေတဲ့ အသိပညာ ဗဟုသုတတွေကို တိုးပွားအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရေမြေကိုအကျိုးရှိစွာ အသုံးချတတ်အောင် လေ့ကျင့်ပျိုးထောင်ခြင်းအားဖြင့် သီးထပ်စွမ်းအားအထွက်တိုးစွမ်းအားကောင်းမွန်လာမှာဖြစ်ပါတယ်။

တိုးတက်

ကျေးလက်နေပြည်သူများ လက်ဝယ်မှာ ရေမြေကို အကျိုးရှိအောင် အသုံးချခြင်း၊ သီးနှံစိုက်ပျိုးမှုပုံစံများ အကွက်ချ ဆောင်ရွက်တတ်ခြင်းစတဲ့ အသိပညာ အတတ်ပညာများ တိုးတက်အောင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ခပေါင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် လတ်တလော အခြေအနေမှာ တမံတည်ဆောက်၍ ရေလှောင်ခြင်းဖြင့် ရေအားလျှပ်စစ်ထုတ်နိုင်အောင် ဆောင်ရွက်ပေးလျက်ရှိသည်ကိုတွေ့ရသည်။ ရေလှောင်တမံစီမံကိန်းနှင့် ငါးမိုင်ကွာ ရွှေလောင်းကျေးရွာအနီးတွင် ခပေါင်းရေလွှဲဆည်ကို တည်ဆောက်လျက်ရှိပြီး ပွင့်လင်းရာသီတွင် လက်ယာမြောင်းနှင့် လက်ဝဲမြောင်းတို့မှတစ်ဆင့် လယ်မြေဧက တစ်သောင်းကို စိုက်ပျိုးရေပေးမည် ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

ဆည်များ တည်ဆောက်ရာတွင် ဆည်မြောင်းဦးစီးဌာန လက်အောက်ရှိဌာနများ ပူးပေါင်းဆောင်ရွက်ကြရသည့်အလျောက် စက်မှုဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု) ဦးဘမြင့်အား စက်မှုဌာန၏ ပူးပေါင်းဆောင်ရွက်မှုကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

လက်ထောက် ညွှန်ကြားရေးမှူး (စက်မှု)ဦးဘမြင့်က ပြောကြားရာတွင် “ခပေါင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း တည်ဆောက်ခြင်း လုပ်ငန်းတွင် တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေသောက်စနစ်တူးမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများ၌ စက်မှုပိုင်းဆိုင်ရာအနေဖြင့် စက်ယန္တရားများကို စနစ်တကျလုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊ စက်ယန္တရားများ ပြုပြင် ထိန်းသိမ်းခြင်းနှင့် ရံဖန်ရံခါ စက်များချွတ်ယွင်းသည့်အခါ လုပ်ငန်းခွင် အချိန်မီ ပြန်လည်ဝင်ရောက်၍ လုပ်ငန်း ဆောင်ရွက်နေရေးများကို ဆောင်ရွက်ကြောင်း။

စက်များပြုပြင်ရာတွင်လည်း အချို့စက်အရန်ပစ္စည်းများကို နိုင်ငံခြားမှ မှာယူခြင်းမပြုဘဲ စက်မှုတိုင်း(၂)၏ စက်မှုအလုပ်ရုံမှတီထွင်၍ ပြုပြင်ပေးကြောင်း၊ ရေလွှဲဥမင်လုပ်ငန်းမှ ကွန်ကရစ်လိုင်နင်ဆောင်ရွက်ရာတွင် အသုံးပြုသည့်သံပုံစံ (Steel form)ကို စက်မှုတိုင်း(၂)အလုပ်ရုံမှပင် တီထွင်ပြုလုပ်ပေးခဲ့သဖြင့် နိုင်ငံခြားငွေ ကုန်ကျမှုသက်သာပြီး လုပ်ငန်းများ အချိန်မီ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခင်က ရေသွင်း ရေထုတ်အတွက် ရေတံခါးများကို နိုင်ငံခြားမှ မှာယူတပ်ဆင်နေရာ ဌာနအနေဖြင့် မိမိတို့စက်မှုအလုပ်ရုံများမှ ထုတ်လုပ်တပ်ဆင်ပေးခဲ့ကြောင်း။

၎င်းအပြင် စက်ပြင်၊ ယန္တရားမောင်းများကိုလည်း စက်ယန္တရားများ ရေရှည်အသုံးပြုနိုင်ရန် စနစ်တကျထိန်းသိမ်းရေးတို့အတွက် လုပ်ငန်းခွင်သင်တန်းများကို အခါအားလျော်စွာ လက်တွေ့သင်ကြားနိုင်ရေး စီစဉ်ပေးခြင်းဖြင့် ဆောင်ရွက်ကြောင်း” ရှင်းပြသည်။

ခပေါင်းရေလှောင်တမံ စီမံကိန်းအရ၊ ရေဆင်း ဧရိယာမှာ ၄၀၈ စတုရန်းမိုင်ရှိပြီး တမံမှာမြေသားတမံအမျိုးအစားဖြစ်သည်။ နှစ်စဉ်ပျမ်းမျှစီးဝင်ရေသည် ဧကပေ၇၃၀၀၀၀ ရှိ၍ တမံ အမြင့်ပေ ၂၀၀ဖြစ်ပြီး ပင်မတမံအလျားသည် ပေ၉၂၀နှင့် ကုန်းကြောတမံသည် ပေ၈၀၀ရှိသည်။

ကန်ရေပြည့် ရေလှောင်ပမာဏသည် ဧကပေ၈၇၈၅၇၀ ဖြစ်ပြီး ကန်ရေသေ ရေလှောင် ပမာဏသည် ဧကပေ ၈၃၀၀၀နှင့် ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာမှာ ၁၄၆၅၇ ဧကပေ ရှိမည်ဖြစ်သည်။

ရေလွှဲဥမင် တည်ဆောက်ရာတွင် အချင်း ၁၃ ဒသမ ၁၂ ပေ၊ အလျား ပေ ၁၂၀၀ ရှိ၍ ရေထုစီးနှုန်း ကုဗပေ စက္ကန့် ၄၃၀၀ ဖြစ်သည်။ ရေအားလျှပ်စစ် ဥမင်မှာ အချင်း၂၁ ဒသမ ပေ၅၀ရှိ၍ အလျားပေ ၁၂၀၀ ရှိပြီး ရေအားလျှပ်စစ် ၁၅မဂ္ဂါဝပ် နှစ်လုံးဖြင့် တပ်ဆင်ထားပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်မည်ဖြစ်သည်။

ဆည်ရေသောက်စနစ် ပေးနိုင်ရန် ရေလွှဲဆည်ကို တည်ဆောက်လျက်ရှိပြီး ပွင့်လင်းရာသီတွင် အလျား ၂၉ ဒသမ မိုင်၉၀ရှည်သော ရေမြောင်းမှ လက်ယာဘက်သို့ ၁၄ ဒသမ မိုင်၄၀၊

ရေသွင်း ရေထုတ်အတွက် ရေတံခါးများကို ယခင်က နိုင်ငံခြားမှ မှာယူတပ်ဆင်ခဲ့ရာမှ ယခုအခါ မိမိတို့ စက်မှုအလုပ်ရုံများမှပင် ထုတ်လုပ်တပ်ဆင်ပေးနေပြီ ဖြစ်ပါတယ်။

ဦးဘမြင့်
လက်ထောက်
ညွှန်ကြားရေးမှူး(စက်မှု)

လက်ဝဲဘက်သို့ ၁၅ဒသမမိုင်၅၀အထိ ဆည်သောက် ဧရိယာဧက တစ်သိန်းပေးမည်ဖြစ်သည်။

ခပေါင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ပေးနိုင်သည့်အပြင် မြေဧရိယာ တစ်သိန်းခန့်သို့ ဆည်ရေပေးဝေ စိုက်ပျိုးနိုင်မည်ဖြစ်ရာ ဒေသခံတောင်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်လာပြီး လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်ရာ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ခပေါင်းချောင်းကို ပိတ်၍ အမြင့်ပေ ၂၀၀ မြေသားတမံဖြင့် တည်ဆောက်ထားသော လယ်မြေဧက တစ်သိန်း ရေပေးသွင်းစိုက်ပျိုးနိုင်ရန် ခပေါင်းရေလှောင်တမံ၏ ရေသိုလှောင်ထားမှုကို ဤသို့ တွေ့ရသည်။

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

တနင်္သာရီတိုင်း မြိတ်မြို့၌ ကိုယ်ပွားသတင်းစာတိုက်(မြိတ်)ဖွင့်

နေပြည်တော် မတ် ၂၃

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မြိတ်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် မြိတ်မြို့ ရှမ်းချောင်းရပ် မေတ္တာလမ်းရှိ အဆိုပါ ကိုယ်ပွားသတင်းစာတိုက်၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ တက်ရောက်၍ ကိုယ်ပွားသတင်းစာတိုက်(မြိတ်)ကို ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ၊ မြိတ်တပ်နယ်မှ အရာရှိကြီးများ၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြိတ်ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အကျိုးထူး

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက အမှာစကားပြောကြားရာ၌ ယနေ့ တနင်္သာရီတိုင်း မြိတ်မြို့၌ ကိုယ်ပွားသတင်းစာတိုက် ဖွင့်လှစ်နိုင်သည့် အတွက် တနင်္သာရီတိုင်းအတွက် မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ပါကြောင်း၊ မြိတ်မြို့နေ ပြည်သူများအနေဖြင့် နေ့စဉ်ထုတ် သတင်းစာများကို ယနေ့မှစတင်ကာ နံနက်စောစော ဖတ်ရှုကြရတော့မည် ဖြစ်ပြီး တိုင်းအတွင်းရှိ ကျန်မြို့၊ ရွာ များကလည်း သတင်းစာကို နေ့ချင်း ပေါက် ဖတ်ရှုရမည်ဖြစ်၍ နိုင်ငံတော် အစိုးရနှင့် ပြန်ကြားရေးဝန်ကြီးဌာနကို ကျေးဇူးတင်ရှိပါကြောင်း ပြည်သူများ၏ ကိုယ်စား ပြောကြားလိုပါကြောင်း၊ သတင်းစာသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အခြား သတင်းအချက် အလက်တို့ကို ထင်ဟပ် ဖော်ပြလျက် ရှိသော ပုံနှိပ်မီဒီယာဖြစ်ကြောင်း၊ ဤသတင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လေ့လာသိရှိခွင့် ရရှိကြပြီး ပြည်သူအားလုံး အသိအမြင် ဗဟုသုတနှင့် အကျိုးထူးများစွာ ရရှိမည် ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြား သည်။

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး ကိုယ်ပွားသတင်းစာတိုက်(မြိတ်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များ ကိုယ်ပွားသတင်းစာတိုက်(မြိတ်)အတွင်း နေ့စဉ်ထုတ်သတင်းစာများ ပုံနှိပ်ထုတ်ဝေထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

လွယ်ကူလျင်မြန်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက် တစ်ချက်ဖြစ်သည့် မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများ နှင့် ကျေးလက်များပါမကျန် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာများ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိပျံ့နှံ့စေရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ စီးပွားရေး၊ လူမှုရေး သတင်းအချက်အလက်များကို လွယ်ကူလျင်မြန်စွာ လေ့လာသိရှိနိုင်စေရန်အတွက် နိုင်ငံတော်အတွင်း ပြည်နယ်နှင့် တိုင်းအနှံ့တွင် ကိုယ်ပွားသတင်းစာတိုက်များ ဖွင့်လှစ်ပေးခဲ့ရာ တနင်္သာရီတိုင်း မြိတ်မြို့တွင် ယနေ့ဖွင့်လှစ်သည့် ကိုယ်ပွားသတင်းစာတိုက်မှာ ကိုးခုမြောက် ဖြစ်ကြောင်း၊ ဤသို့ ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် တနင်္သာရီတိုင်းအတွင်း မြိတ်၊ ထားဝယ်၊ ကော့သောင်းမြို့များ အပါအဝင် ကျန်မြို့များတွင်လည်း သတင်းစာကို နေ့ချင်းပေါက် ဖတ်ရှုရရှိတော့မှာဖြစ်ပြီး မြိတ်မြို့နေ ပြည်သူများ အနေဖြင့် သတင်းစာကို နေ့စဉ်နံနက် စောစောမှာပင် ဖတ်ရှုကြရမှာ ဖြစ်ကြောင်း၊ ယခုခေတ်သည် ပညာခေတ်၊ နည်းပညာခေတ်ဖြစ်သလို မီဒီယာခေတ် လည်းဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း စက္ကန့်နှင့်အမျှ ပြောင်းလဲလျက်ရှိသော သတင်းအချက်အလက် အကြောင်း အရာများသည် တိုးတက်ခေတ်မီသော နည်းပညာအမျိုးမျိုးဖြင့် လျင်မြန်စွာ ပျံ့နှံ့လျက်ရှိကြောင်း၊ ထိုသတင်း အချက်အလက် အကြောင်းအရာများ ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေး အတွက် ဆောင်ရွက်ရင်း ပြည်သူများ အတွင်း မှန်ကန်သော သတင်းအချက် အလက်များကို မြန်မြန်ဆန်ဆန်ရရှိ၊ သိရှိနိုင်အောင် ထုတ်လွှင့်၊ ထုတ်လုပ် ပေးလျက်ရှိကြောင်း၊ ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့် ရည်ရွယ်ချက်များနှင့်အညီ ပြည်သူများ အကြား မှန်ကန်သည့် သတင်းအချက် အလက်များ လွယ်ကူ လျင်မြန်စွာ ရောက်ရှိဖတ်ရှုနိုင်ရန်အတွက် ယခု ကဲ့သို့ ကိုယ်ပွားသတင်းစာတိုက်များ ကို ပြည်နယ်၊ တိုင်းအနှံ့ ဖွင့်လှစ် ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းမှ ပြည်သူများအနေဖြင့် နေ့စဉ်ထုတ်သတင်းစာကို ယခုထက် ပိုမို၍ စောင်ရေတိုးတက် မှာယူဖတ်ရှု နိုင်တော့မည်ဖြစ်ပြီး မိမိတို့၏ စီးပွားရေး၊ လူမှုရေးကြော်ငြာများကို လည်း အလွယ်တကူ ထည့်သွင်း ကြော်ငြာနိုင်တော့မည် ဖြစ်ကြောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မြိတ်)မှ နေ့စဉ်ထုတ်သတင်းစာအပြင် အခြား ပုံနှိပ်လုပ်ငန်းများကိုလည်း အလွယ် တကူ ဆောင်ရွက်နိုင်တော့မည်ဖြစ် ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူ တစ်ဦးက ကျေးဇူးတင်စကားပြောကြား သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက ကိုယ်ပွားသတင်းစာတိုက် (မြိတ်) အတွက် သတင်းစာစက္ကူ ၁၀တန်ကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက လက်ခံသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဦးစိုးဝင်းတို့က ကိုယ်ပွား သတင်းစာတိုက်(မြိတ်)ကို ဖဲကြိုးဖြတ် ၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်ဦးက ကိုယ်ပွားသတင်းစာတိုက် (မြိတ်)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့ ကိုယ်ပွား သတင်းစာတိုက်(မြိတ်)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

ကြည့်ရှုလေ့လာ

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ နှင့် ဧည့်သည်တော်များသည် ကိုယ်ပွား သတင်းစာတိုက်(မြိတ်)အတွင်း နေ့စဉ် ထုတ်သတင်းစာများ ပုံနှိပ်ထုတ်ဝေမှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုလေ့လာ ကြသည်။

မြန်မာ့အလင်းနှင့် ကြေးမုံသတင်း စာများကို ၂၀၀၈ခုနှစ် မတ် ၂၃ရက်မှ စတင်၍ တနင်္သာရီတိုင်း အတွင်းရှိ မြို့နယ်အသီးသီးနှင့် ကျေးရွာများသို့ ကိုယ်ပွားသတင်းစာတိုက် (မြိတ်)မှ တိုက်ရိုက် ပုံနှိပ်ဖြန့်ဝေပေးလျက်ရှိ သည်။ မြိတ်မြို့ပေါ်ရှိ သတင်းစာဖတ် ပြည်သူများအနေဖြင့် နံနက်စောစော တွင် သတင်းစာများ ဝယ်ယူဖတ်ရှု နိုင်ပြီ ဖြစ်သဖြင့် ကျေနပ်ဝမ်းမြောက် လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကလောမြို့ ဓမ္မရောင်ခြည်မဟာစည် သာသနာ့ရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၃

ကလောမြို့ ဓမ္မရောင်ခြည်မဟာစည် သာသနာ့ရိပ်သာတွင် စတုတ္ထ အကြိမ်မြောက် လူငယ်များယဉ်ကျေးမှုသင်တန်း တရားစခန်းကို မတ် ၂၉ ရက်မှ ဧပြီ ၇ ရက်အထိလည်းကောင်း၊ (၂၅) ကြိမ်မြောက် လူကြီး တရားစခန်းကို ဧပြီ ၁၁ ရက်မှ ၂၅ ရက်အထိလည်းကောင်း ကျင်းပမည် ဖြစ်သည်။

ယင်းတရားစခန်းတွင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယ ဝိပဿနာတရားများကို ခံယူလျက် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာမှ ကမ္မဋ္ဌာနာစရိယ မဟာစည်ဓမ္မကထိက ဝန်ဆောင်ဆရာတော်များဖြစ်ကြ သည့် ဦးပညာဇောတ (ဓမ္မာစရိယ)၊ ဦးဓမ္မလင်္ကာရ (ဓမ္မာစရိယ)နှင့် ဦးသံဝရ(ဓမ္မာစရိယ)တို့က တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။

လှူဒါန်းနိုင်

လူငယ်တရားစခန်းဝင်လိုသူများသည် မတ် ၂၆ ရက်နောက်ဆုံးထား ၍ လည်းကောင်း၊ လူကြီးတရားစခန်းဝင်လိုသူများသည် ဧပြီ ၈ ရက်နောက် ဆုံးထား၍လည်းကောင်း စာရင်းပေးသွင်းကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်နှင့် ဆေးဝါးများလှူဒါန်းလိုသော အလှူရှင်များသည် ဓမ္မရောင်ခြည် မဟာစည်သာသနာ့ရိပ်သာ (၃)ရပ်ကွက် ကလောမြို့ ဖုန်း-၀၈၁-၅၀၁၃၂၊ တော်ဝင်ပုံနှိပ်တိုက် (၅)ရပ်ကွက် ကလောမြို့၊ ဒေါ်နုနု(နု ရတနာရွှေဆိုင်) (၄)ရပ်ကွက် ကလောမြို့၊ ဦးမျိုးထွန်း (ပြည့်စုံစတိုး) (၃)ရပ်ကွက် အောင်ပန်းမြို့၊ ဦးမောင်မောင်(မိုးမိတ္တူ) (၁)ရပ်ကွက် အောင်ပန်းမြို့နှင့် ဆရာမဒေါ်တင်တင်နွယ် (၁)ရပ်ကွက် အောင်ပန်းမြို့တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

● ကျောဖုံးမှ

MMG ပြခန်း

ယခုပြပွဲ၌ အိုင်စီတီကုမ္ပဏီ ၉၀ မှ ပြခန်းပေါင်း ၁၆၂ ခန်း ပါဝင်ပြသလျက်ရှိရာ ပြခန်းတိုင်း၌ အိုင်တီထုတ်ကုန်အသစ်များ၊ နည်းပညာအသစ်များကို တအံ့တသြတွေ့ရှိရသည်။ ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် MMG Technologies Co., Ltd. ပြခန်းကို ဝင်ရောက်လေ့လာကြည့်ရာ အိုင်တီ တာဝန်ခံတစ်ဦးဖြစ်သည့် ဦးကျော်လှိုင်ဦးက "ဒီပြခန်းမှာ အိုင်တီထုတ်ကုန်ပစ္စည်းများဖြစ်တဲ့ Linksys ထုတ်ကုန်ပစ္စည်းများ၊ အင်တာနက်နဲ့ ပတ်သက်တဲ့ ပစ္စည်းများ၊ တစ်နေရာနှင့် တစ်နေရာ ရုပ်/သံမြင်ပြီး ပြောလို့ရတဲ့ V meet ဆော့ဖ်ဝဲလ်တွေ၊ အင်တာနက်ပေါ်မှာ ကိုယ့်ရဲ့အချက်အလက်တွေကို ခိုးယူလို့ မရအောင် ကာကွယ်ပေးနိုင်တဲ့အပြင် ဗိုင်းရပ်စ်ကို ကာကွယ်ပေးနိုင်တဲ့ Firewall တွေ၊ အင်တာနက်ပေါ်မှာ အသံချည်းပြောလို့ရတဲ့ Voice Comterencins တွေနဲ့ အခြားအိုင်တီထုတ်ကုန်ပစ္စည်းတွေကို အထူးနှုန်းနဲ့ ရောင်းချပေးမယ့်အပြင် ဝန်ဆောင်မှုလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးပါတယ်။ ဒါ့အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရောင်းချခွင့်ပြုထားသော MPT Satellite Terminal နှင့် MPT ADSL များကို ပြသရောင်းချပေးကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသည်။

တစ်နှစ် အာမခံ

အထူးဈေးနှုန်း ချိုသာစွာဖြင့် တစ်နှစ် အာမခံ ရောင်းချ ပေးနေပါတယ်။

ဒေါ်ခင်သူဇာလင်း
မန်နေဂျင်း ဒါရိုက်တာ။

တိုရှီဘာပြခန်း

ထို့နောက် ဆွဲဆောင်မှုကောင်းသော ဒီဇိုင်းပုံစံ အသွင်အပြင်နှင့် တိုရှီဘာပြခန်းအတွင်း ဝင်ရောက်လေ့လာရာ Toshiba Notebook Computer များ၊ Toshiba Notebook မှ ပုံစံလေးမျိုးဖြစ်သည့် Satellite Model၊ Portese Model၊ Tecra Model နှင့် Qosmio Model များ ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။ Toshiba Notebook ဝယ်ယူတိုင်း ကျပ်ငါးသောင်းအထက် တန်ဖိုးရှိသော Tablet Pen နှင့် အခြားလက်ဆောင်များ ပေးသွားမည်ဖြစ်သည့်အပြင် နိုင်ငံတကာ အာမခံချက်အပြည့်ဖြင့် ရောင်းချပေးလျက်ရှိရာ ယခုပြခန်းမှ ဝယ်ယူသွားသည့် Notebook များကို ကမ္ဘာတစ်ဝန်းရှိ Toshiba Notebook Service Centre များ၌ မည်သည့်နိုင်ငံတွင်မဆို အလွယ်တကူ ပြုပြင်နိုင်ကြောင်း သိရသည်။ တစ်ဖန် အခြားမည်သည့်နိုင်ငံမှ ဝယ်ယူလာသည့် Toshiba Notebook များကိုလည်း နိုင်ငံတကာ အာမခံချက်အပြည့်ဖြင့် ပြည်တွင်း၌ ဝန်ဆောင်မှုများ ပေးနေကြောင်းလည်း သိရသည်။ ယခုပြပွဲအတွင်း Toshiba Notebook များကို အခမဲ့ပြုပြင်ပေးလျက်ရှိရာ သတင်းကောင်းပင် ဖြစ်သည်။

လင်းသူဇာပြခန်း

ထို့နောက် ပြပွဲခန်းမအတွင်း လိုက်လံကြည့်ရှုရာမှ လင်းသူဇာ ကွန်ပျူတာကုမ္ပဏီပြခန်းကို ဝင်ရောက်လေ့လာခဲ့ရာ လင်းသူဇာ ကွန်ပျူတာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်သူဇာလင်းက ရှင်းပြရာတွင် "ဒီပြခန်းမှာ ပြသထားတဲ့ ပစ္စည်းတွေကတော့ ကွန်ပျူတာ၊ လက်ပ်တော့ ကွန်ပျူတာ၊ ပီစီကွန်ပျူတာ၊ Colour Printer, Laser Printer, Scanner များ၊ ASUS Motherboard ၊ MSI Motherboard နှင့် အခြား Motherboard များ၊ Graphics Card များ၊ Network Acessories များ၊ Mp3, Mp4 များကို အထူးဈေးနှုန်းချိုသာစွာဖြင့် တစ်နှစ်အာမခံ ရောင်းချပေးနေပြီး သုံးနှစ် အခမဲ့ဝန်ဆောင်မှုပေးနေပါကြောင်း" ရှင်းပြသည်။ အဓိကအားဖြင့် ပြခန်းဖွင့် ပြသရခြင်းမှာ ပြည်သူများ အနေဖြင့် အိုင်တီနည်းပညာပစ္စည်းများကို အလွယ်တကူ မြင်တွေ့သုံးစွဲခွင့် ရရှိစေရန်ဖြစ်ကြောင်း သိရသည်။

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ပြပွဲ–၂၀၀၈ တွင် တိုရှီဘာပြခန်း၌ လာရောက် ကြည့်ရှုအားပေးသူများဖြင့် စည်ကားလျက်ရှိသည်။

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ–၂၀၀၈ တွင် ခင်းကျင်းပြသထားသော MSI ပြခန်း၌ Notebook လက်တွေ့အသုံးပြုသူများဖြင့် ဤသို့တွေ့ခဲ့ရသည်။

MSI ပြခန်း

တစ်ဖန် ပြခန်းအတွင်း လာရောက်ကြည့်ရှုလေ့လာနေသူများဖြင့် စည်ကားနေသော MSI ပြခန်းအတွင်း ဝင်ရောက်လေ့လာခဲ့ရာ MSI မှ ဒါရိုက်တာတစ်ဦးဖြစ်သူ ဦးအောင်အောင်က "ဒီပြခန်းမှာ အိုင်တီပစ္စည်းတွေကို ပြည်သူအများ မြင်တွေ့သိရှိလေ့လာနိုင်အောင် ခင်းကျင်းပြသထားတာကလွဲပြီး ပစ္စည်းတော့ မရောင်းချပါဘူး၊ ပြသထားတဲ့ အိုင်တီပစ္စည်းတွေကတော့ Motherboard တွေ၊ Graphic Card တွေ၊ Motherboard မှာ Intel Y48, Y38, P35 အစရှိတဲ့ Board တွေကို ပြသထားပါတယ်။ Graphics မှာတော့ နောက်ဆုံးပေါ် ATI, R3870X2 အပြင် Vidia 9600, 8800 Cards တွေကိုလည်း ခင်းကျင်းပြသထားပါတယ်။ နောက်ပြီး Notebook မှာ ဂိမ်းကစားသူတွေနဲ့ ဂရပ်ဖစ်ဒီဇိုင်နာတွေ စိတ်ဝင်စားတဲ့ GX 600 ကို အထူးပြု ပြသထားပါတယ်။ ဒီလိုပြသတာဟာ အိုင်တီနည်းပညာတွေ သိစေချင်တာရယ်၊ လက်တွေ့အသုံးချစေချင်လို့ ဒီပြခန်းမှာ လေ့လာသူတွေကို လက်တွေ့အသုံးပြုခွင့်လည်း ပေးထားတာပါ" လို့ ရှင်းပြသည်။

အထူးနှုန်း

အိုင်တီ ထုတ်ကုန်ပစ္စည်းတွေကို အထူးနှုန်းနဲ့ ရောင်းချပေးမယ်။

ဦးကျော်လှိုင်ဦး
အိုင်တီတာဝန်ခံ။

အိုင်တီပစ္စည်းတွေကို မိတ်ဆက်ပေးတဲ့ သဘောပါပဲ။

မနှင်းနှင်းဝါ
မန်နေဂျာ

ASUS ပြခန်း

ပြပွဲခန်းမအတွင်း လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိနေရာ ပြခန်းတိုင်း လေ့လာသူများနှင့် ပြည့်နေသည်။ ထို့နောက် ASUS ပြခန်းအတွင်း ဝင်ရောက်ကြည့်ရှုလေ့လာခဲ့ရာ ASUS မှ မန်နေဂျာဖြစ်သူ မနှင်းနှင်းဝါက "ဒီပြခန်းမှာ ASUS အိုင်တီပစ္စည်းတွေကို သုံးစွဲသူတွေ နားလည်အောင် ရှင်းပြပေးနေတဲ့အပြင် လက်တွေ့လည်း အသုံးပြုခွင့်ပေးထားပါတယ်။ ဒီပြခန်းမှာတော့ Motherboard၊ ဂရပ်ဖစ်ကတ်၊ Notebook၊ LCD Monitor၊ Optical၊ Drive များ၊ ပါဝါ Supply များ၊ Casing များ၊ EeePC များ၊ နောက်ဆုံးထွက်ရှိတဲ့ Maximus Extreme Motherboard များ၊ ကွန်ပျူတာအပူကို Water Cooling System သုံးပြီး ချေဖျက်တဲ့စနစ်ကိုလည်း ပြသထားပါတယ်။ ဒါ့အပြင် Notebook တွေကို နိုင်ငံတကာ စံချိန်မီပြုပြင်မှုတွေလည်း ပေးမှာဖြစ်ပါတယ်။ ဒီပြခန်းမှာ ဂိမ်း၊ အင်တာနက်တွေတပ်ဆင်ပေးထားပြီး လေ့လာသူတွေ လက်တွေ့အသုံးပြုနိုင်အောင် စီစဉ်ပေးထားပါတယ်။ အစ်မအနေနဲ့ ASUS အိုင်တီပစ္စည်းတွေကို မိတ်ဆက်ပေးတဲ့ သဘောပါပဲ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

လက်တွေ့လေ့လာနိုင်

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ–၂၀၀၈ သည် လူငယ်များအတွက် အိုင်တီနည်းပညာသစ်နှင့် ထုတ်ကုန်အသစ်များကို လက်တွေ့လေ့လာနိုင်သည့် အခွင့်အရေးရရှိနိုင်ရာ အချိန်မီသွားရောက် ကြည့်ရှုလေ့လာသင့်ပါကြောင်း သတင်းစကားရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မန်ယူတို့နိုင်ပွဲရပြီး အာကြီးကိုခြောက်မှတ်ဖြတ် ချယ်လ်ဆီးတို့နိုင်ပွဲရပြီး ဒုတိယနေရာတက်လာ

လန်ဒန် မတ် ၂၃

ပရီမီယာလိဂ်ပွဲစဉ်(၃၁) လက်ကျန်ပွဲကို မတ် ၂၃ ရက်က ဆက်လက်ယှဉ်ပြိုင်ရာ အိုးထရက်ဖို့ဒ်၌ မန်ယူတို့က လီဗာပူးကို သုံးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့သဖြင့် ကြိုးကြာနီတို့ တောင်ပံကျိုးခဲ့ရပြီဖြစ်သည်။

မန်ယူနှင့်လီဗာပူး

အိုးထရက်ဖို့ဒ်၌ ကစားရသည့်ပွဲဖြစ်သော်လည်း ဖာဂူဆန်က ဗျူဟာကို သေသေချာချာ ခင်းကျင်းကစားခဲ့သည်။ တိုက်စစ်၌ ရွန်နေတစ်ဦးတည်း အထောင်ထားကာ ကွင်းလယ်၌ အန်ဒါဆင်၊ ဒိုလေး၊ ပေါလ်စခိုး၊ ဂစ်နှင့် မိုက်ကယ်ကာရစ်တို့ကို အပြည့်ထုတ်သုံးခဲ့သည်။ ဘင်နီတက်ဇ်ကလည်း တိုက်စစ်တွင် ဘာဘယ်လ်၊ တောရက်စ်နှင့် ဒရက်ကွက်တို့ သုံးဦးအထိထားပြီး ကွင်းလယ်၌ ဂျရတ်၊ အလွန်ဆိုနှင့် မာရှေရာနိုတို့ဖြင့် ရင်ဆိုင်ခဲ့သည်။

ပွဲစသည်နှင့် မန်ယူတို့ တိုက်စစ်ဖွင့်ကစားခဲ့ရာ ရွန်နေ၊ ဒိုလေး၊ ဂစ်တို့က ဘယ်ညာတောင်ပံနှင့် ကွင်းလယ်ပါမကျန် နေရာစုံမှ ထိုးဖောက်ကစားခဲ့ရာ လီဗာပူးတို့ မန်ယူတိုက်စစ်ကို ကြိုးစားဟန့်တားခဲ့ရသည်။ မန်ယူတို့ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ထိုးဖောက် တိုက်စစ်ဆင်ခဲ့ရာ ပွဲချိန် ၃၄ မိနစ်၌ မန်ယူနောက်ခံလူ ဘရောင်းက လီဗာပူးဂိုးနှင့် ခြောက်ကိုက်အကွာမှ မြင့်မြင့်မားမားခုန်ကာ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် မန်ယူတို့ အဖွင့်ဂိုးရရှိခဲ့သည်။

လီဗာပူးတို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း ပွဲချိန် ၄၄ မိနစ်၌ လီဗာပူး ကွင်းလယ်ကစားသမား မာရှေယာနို နှစ်ဝါ တစ်နီဖြင့် အထုတ်ခံရ၍ လီဗာပူးတို့ ၁၀ ဦးတည်းနှင့် ကစားခဲ့ရသည်။

သိမ်းပိုက်နိုင်

မန်ယူက ၇၃ မိနစ်၌ ဂစ်အစား နာနီ၊ အန်ဒါဆင်အစား တီဗက်ဇ်တို့ကို သွင်းပြီး တိုက်စစ်မြှင့်ခဲ့သလို လီဗာပူးတို့ကလည်း ဘာဘယ်လ်အစား ဘီနာယောင်၊ တောရက်စ်အစား ရီစီတို့ကို အစားထိုးကာ ချေပဂိုးရရှိရေး ကြိုးစားခဲ့သည်။ မန်ယူတို့က လီဗာပူးနောက်တန်းကို ၂၃ ကြိမ်ထိုးဖောက်ပြီး အပိုင်ကန်သွင်းခွင့် ၁၆ ကြိမ်ရရှိခဲ့ရာမှ ၇၈ မိနစ်၌ ဒိုလေးက ခြောက်ကိုက်အကွာမှ ခေါင်းတိုက်သွင်းယူလိုက်သဖြင့် မန်ယူတို့ ဒုတိယဂိုးရရှိခဲ့ပြီး ဖာဂူဆန်နှင့် မန်ယူပရိသတ်များ ပြုံးပန်းဝေသွားခဲ့သည်။ လီဗာပူးတို့လည်း မန်ယူတိုက်စစ်ကို မဟန့်တားနိုင်ဘဲဖြစ်နေရာ မိနစ် ၈၀ ၌ လီဗာပူးဂိုးနှင့် ၁၈ ကိုက်အကွာမှ နာနီက ညာခြေဖြင့် လှလှပပ ကန်သွင်းယူလိုက်ပြန်သဖြင့် မန်ယူတို့ သုံးဂိုးပြတ်အနိုင်ရရှိပြီး အဖိုးတန်သုံးမှတ်ကို သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။ မန်ယူတို့ ယခုပွဲအနိုင်ရခဲ့သဖြင့် ၇၃ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ပြီဖြစ်သည်။

မန်ယူနှင့် လီဗာပူးတို့ပွဲတွင် မန်ယူအတွက် ဒုတိယမြောက်ဂိုးကို ဒိုလေး(လယ်) **ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။**

(အင်တာနက်ဓာတ်ပုံ)

အိမ်ကွင်း၌ ချယ်လ်ဆီးတို့ အာကြီးကို အကြိတ်အနယ်ကစားခဲ့ရသည်။ ချယ်လ်ဆီးတိုက်စစ်မှူးများဖြစ်သည့် ကာလူးနှင့် ဒရော့ဘာတို့ ပထမပိုင်းပွဲချိန်အတွင်း အပိုင်ကန်ချက်များ အပေါ်ထောင်ဘေးထွက်ဖြစ်ပြီး ဂိုးမရရှိခဲ့ချေ။ မိုက်ကယ်ဘောလက်၏ ကန်သွင်းချက်များကိုလည်း အာကြီးဂိုးသမား အယ်မူနီရာ ကာကွယ်နိုင်ခဲ့သည်။

အာကြီးတိုက်စစ်အတွဲဖြစ်သည့် ဗန်ပါစီနှင့် အဒီဘာယောတို့ ခြေမပေါ်ဘဲရှိနေရာ အာကြီးအလယ်တန်းမှ ဖာဘရီဂတ်စ်တို့ တိုက်စစ်ကို ဝိုင်းဝန်းဖြည့်ဆည်းကစားခဲ့ရာမှ ၅၉ မိနစ်၌ ဖာဘရီဂတ်စ် ဘယ်ထောင့်ကန်ဘောမှတစ်ဆင့် အာကြီးနောက်ခံလူ ဆစ်နာက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် အာကြီးတို့ အဖွင့်ဂိုးရရှိခဲ့သည်။

ချယ်လ်ဆီးတို့က မိနစ် ၇၀ ၌ မက်ခီလီလီအစား အနယ်လ်ကာ၊ ဘောလက်အစား ဘယ်လက်တီတို့အစားထိုးခဲ့ရာမှ ၇၃ မိနစ်၌ ဒရော့ဘာက ပယ်နယ်တီဧရိယာအစပ်မှ မနားတမ်း အပြင်းကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။ ချေပဂိုးရရှိခဲ့သဖြင့် ကစားအားတက်ပြီး ချယ်လ်ဆီးတို့ ဆက်တိုက်ထိုးဖောက်ကစားရာ ၈၁ မိနစ်၌ အနယ်လ်ကာ ခေါင်းတိုက်ချပေးသည့် ဘောလုံးကို ဒရော့ဘာ ညာခြေဖြင့်ပတ်ပြီး ကန်သွင်းယူလိုက်သဖြင့် ချယ်လ်ဆီးတို့ ဒုတိယဂိုးရရှိခဲ့ပြီး နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အာကြီးတို့ ယခုပွဲရှုံးသဖြင့် တန်းစီဇယား၌ ထိပ်ဆုံးမှ မန်ယူနှင့်ပွဲတူခြောက်မှတ်ကွာသွားပြီး ချယ်လ်ဆီးနှင့် တစ်မှတ်လျော့ကာ တတိယနေရာသို့ ဆင်းသွားရပြီဖြစ်သည်။ ချယ်လ်ဆီးက ၆၈ မှတ်ဖြင့် ဒုတိယနေရာသို့ တက်လာနိုင်ပြီဖြစ်သည်။ ။

မောင်ပိတ်သတင်း **မောင်မောင်မြင့်ဆွေ**

သမိုင်းဝင် ရွှေမျက်မှန်ဆုတောင်းပြည့်ဘုရား ဂန္ဓကုဋိတိုက် ဘုံနန်းပြာသာဒ်ရေစက်ချ

ရွှေတောင် မတ် ၁၆

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ရှေးဟောင်းသမိုင်းဝင် ရွှေမျက်မှန်ဆုတောင်းပြည့်ဘုရားကြီး ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိတိုက် အထက်ဘုံခုနစ်ဆင့်ပါ ဘုံနန်းပြာသာဒ်ကြီး(ဝဲပုံ)ကို အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ၏ကုသိုလ်ပါဝင်မှုဖြင့် ဆောက်လုပ်ခဲ့ရာ ယခုအခါ အောင်မြင်စွာတည်ဆောက်ပြီးစီးပြီဖြစ်ပါသဖြင့် ဘုံနန်းပြာသာဒ်ရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို (၁၃၆၉ ခု တပေါင်းလပြည့်ကျော် ၉ရက်) မတ် ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီ မိနစ်၂၀တွင် ကျင်းပမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ရှင်များ အနေဖြင့် မိမိတို့၏ ကုသိုလ်ပါဝင်မှုကို ကြည်ညိုသဒ္ဓါပွားများ အနုမောဒနာ ပြုနိုင်ကြောင်း သိရသည်။ (ဝ၅၈)

တံတားဦး မတ် ၁၀

ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးညွန့်ရွှေ မတ် ၁၀ ရက်က တံတားဦးမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် ခရိုင်ဦးစီးအရာရှိက မြို့နယ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာကြည့်တိုက်အဆောက်အအုံသစ်များ ဆောက်လုပ်နိုင်ရေး၊ စာအုပ်၊ စာစောင်၊ ငွေပဒေသာပင်စိုက်ထူ လှူဒါန်းပွဲများ ကျင်းပနိုင်ရေးတို့ကို ဆွေးနွေးကြသည်။ **(ယာပုံ)**

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဦးညွန့်ရွှေနှင့် တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘိုမောင်တို့က စိုးမြကျော် ရေးသားသည့် အနာဂတ် နိုင်ငံတော်တည်ဆောက်မှုပုံသဏ္ဌာန်၊ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရဆောင်းပါးကို အသီးသီး ဖတ်ကြား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးရွာစာကြည့်တိုက်အတွက် ငွေပဒေသာပင် စိုက်ထူပွဲ ကျင်းပရေးဆွေးနွေး

မြို့နယ်သတင်းများ

ခြံစည်းရိုးကြက်ဆူပင် အစားထိုးလောင်စာဆီ အကျိုးသက်ရောက်မှုအကြောင်း ဟောပြော

ခင်ဦး မတ် ၁၀

ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးမှုနှင့် အစားထိုးလောင်စာဆီ အကျိုးသက်ရောက်မှုဟောပြောပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် စာရေးဆရာ ဦးဇွန်မောင်မောင်က ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်းကောင်း၊ စာရေးဆရာ၊ ကဗျာဆရာ အယ်ဒီတာမောင်လွမ်းနွယ်(အောင်လံ)က ခြံစည်းရိုးကြက်ဆူစိုက်ပျိုးမှုအကြောင်းကို လည်းကောင်း ပညာပေးဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

သဃ်ိန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် လေးဒေါင့်ကန်လမ်း အမှတ် ၉၁၈နေ ဒေါက်တာငွေထွန်း-ဒေါ်နီနီလွင်မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်း နာယက ဗိုလ်မှူးချုပ်အောဘယ်လ်(ငြိမ်း) နှင့် ဒုတိယဥက္ကဋ္ဌပါမောက္ခဒေါ်ရီရီမြင့်တို့က လက်ခံယူစဉ်။ (က-ပ)

စာကြည့်တိုက်လွှဲပြောင်းပေးအပ်ပွဲမိတ္ထီလာ၌ကျင်းပ

မိတ္ထီလာ မတ် ၅

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ကျောက်ဖူးကျေးရွာအုပ်စုလုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ရက် နံနက် ၁၀နာရီက အဆိုပါ စာကြည့်တိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဖူးကျေးရွာ စပယ်ဦး စာကြည့်တိုက် အဆောက်အအုံအား ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင်အုန်း၊ ကျောက်ဖူး ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကြည်အောင်၊ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးသန်းဝင်း(မိတ္ထီလာ) တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဖွင့်အမှာစကား

ဆက်လက်၍ စာကြည့်တိုက် အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးစောဌေးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာကြည့်တိုက် အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးသန်းဝင်း(မိတ္ထီလာ)က အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများအကြောင်း သိကောင်းစရာများကို ဟောပြောသည်။

လက်ခံ

ထို့နောက် စာကြည့်တိုက်အတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက သုတ/ရသ စာအုပ်စုံ အုပ် ၃၀၀၊ မိတ္ထီလာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ကိုယ်စား အလုပ်အမှုဆောင် ဦးအောင်မြင့်လွင်က ငွေကျပ် ၅၀၀၀၊ ကျောက်ဖူးကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း စည်းရုံးရေးမှူး ဦးကျော်က အားကစားဂျာနယ်အစောင် ၁၀၀တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက် ကော်မတီဝင်များက လက်ခံရယူကြကြောင်း သိရသည်။

(ဝ၇၈)

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ခဲ့သော ဟော်ဟောင်းလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

လှိုင်ကော် မတ် ၅

လှိုင်ကော်မြို့ သီရိမင်္ဂလာဈေးကြီးတွင် ဖေဖော်ဝါရီ ၁၄ရက်က မီးဘေး ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောနိုင်တို့ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်ကြသည်။**(အောက်ပုံ) (မြို့နယ်စည်ပင်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ဇန်နဝါရီ ၂၆ရက်က မိုင်းယန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးပလက်ဖောင်းနှင့် ရေမြောင်းဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဒုတိယဦးစီးမှူးဦးသန်းလွင်ဦးနှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကိုဝင်းတို့ ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

သရဖီလမ်းဖွင့်ပွဲ နောင်ချို၌ ကျင်းပ

နောင်ချို ဖေဖော်ဝါရီ ၂၈

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇-၂၀၀၈ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် သရဖီလမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၄ရက်က အဆိုပါလမ်းမုခ်ဦး၌ကျင်းပရာ နယ်မြေခံတပ်နယ်မှုဒုတိယဗိုလ်မှူးကြီး သန်းဌေးအောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆောင်ရွက်

အဆိုပါသရဖီလမ်းမှာ အကျယ်၁၂ပေရှိ ကတ္တရာလမ်း အမျိုးအစားဖြစ်ပြီး အဖွဲ့မှ လမ်းအရှည်ပေ ၅၃၈၊အဖွဲ့ရန်ပုံငွေကျပ် ၁၅၀၄၀၀၀၊ ပြည်သူလူထုမှ လမ်းအရှည် ပေ ၂၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၂၅၀၀၀ စုစုပေါင်းလမ်းအရှည် ၇၈၈ ပေ ရှိပြီး ကုန်ကျငွေကျပ် ၁၉၂၉၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် ဝိဇ္ဇာလမ်း မူလ ဟံသာဝတီ ကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း သာသနာဝိပုလကာရီ သိမ်ကျောင်း ဆောက်လုပ်နိုင်ရန်အတွက် မတည်အလှူရှင်များဖြစ်သော ကချင်ပြည်နယ် ဖားကန့်မြို့ မြို့မရပ်ကွက်နေ မနန်းခင်ခင်မိုး၊ မနန်းခင်ခင်နွမ်း (ဖားကန့်ကြီးထမင်းဆိုင်)မိသားစုနှင့် ကိုမြင့်-မအေးမြမိသားစုက မူလ ဟံသာဝတီ ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် ဦးနန္ဒပါလ (ယော)ထံ အလှူငွေကျပ်တစ်သိန်းငါးသောင်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ သမိုင်းဝင် လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး အနောက်ဘက် စောင်းတန်းတော်ကြီး ပြန်လည်ပြုပြင် မွမ်းမံရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ရွှေဆံတော်ရင်ပြင်တော်ရှိ ဂေါပကအဖွဲ့ရုံးတွင်ကျင်းပရာ ပြည်မြို့ ဗိုလ်ချုပ်လမ်း ဦးတင်စော-ဒေါ်သန်းညွန့်၊ သားကြီး ပါမောက္ခ ဦးခင်မောင်ဦး၊ သားငယ် ဒုတိယဗိုလ်မှူးကြီး ကိုကိုနိုင်၊ သမီး ဒေါ်နီလာ (ပေါ်ထွန်းပွဲရုံ)မိသားစုက အလှူငွေကျပ် ၂၈သိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။ (ဝ၅၇)

မန္တလေး၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

မန္တလေး မတ် ၁၀

မန္တလေး အောင်မြေသာစံမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး ကြီးကြပ်ရေးကော်မတီနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်း ရပ်ကွက် ၁၉ရပ်ကွက်နှင့် အလုပ်ရုံ စက်ရုံ၊ ဌာနဆိုင်ရာများကို ကွင်းဆင်း၍ ပညာပေးဟောပြောခြင်း၊ စစ်ဆေးခြင်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ မတ်၈ရက်က အောင်မြေသာစံရပ်ကွက်၊ ပုလင်းဝင်းသို့ ရောင်တခင် စစ်ဆေးခဲ့ကြသည်။ **(ယာပုံ)**

ပညာပေးဟောပြော

ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်မိုးနှင့်အဖွဲ့သည် တစ်အိမ်တက်ဆင်း မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားမှု ရှိ မရှိ၊ သဲပုံး၊ရေပုံး ရှိမရှိ၊ မီးချိတ်မီးကပ် ရှိ မရှိ၊ ဟောင်းနွမ်းဆွေးမြည့်နေသော လျှပ်စစ်ဝိုင်ယာကြိုး သွယ်တန်းမှုများကို စစ်ဆေးပြီး ပညာပေး ဟောပြောကြသည်။

ထို့နောက် လမ်းများပိတ်ဆို့ပြီး ပုလင်း၊ ဘူးခွံ၊ စက္ကူခြင်းကျင်းခြင်း လုပ်ငန်း ဆောင်ရွက်မှုများ၊ မီးသတ်ယာဉ်ဝင်ထွက်ရန် ခက်ခဲသော လမ်းကြားများ၊ မီးသတ်ယာဉ် ဝင်ထွက်ရာတွင် မလွတ်ကင်းသော လျှပ်စစ်ဝိုင်ယာကြိုးသွယ်တန်းထားမှုများကို စစ်ဆေးပြီး ဆောင်ရွက်ရန်နှင့် လိုက်နာရန် မှာကြားခဲ့ကြသည်။ **(ဝ၉ဝ)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်နိုင်ရန်အတွက် (G.E-934) စိုက်ပျိုးရေးဝင်းကိုးမိုင်နေ ဒေါ်စန်းနွဲ့၊ သား ကိုဝင်းကို (၃၈)နှစ်မြောက်မွေးနေ့ အလှူအဖြစ် အလှူငွေကျပ် သုံးသိန်းကို တာဝန်ရှိသူများက လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ပညာရည်ချွန်ဆုနှင့် အလှူရှင်ဂုဏ်ပြုပွဲကျင်းပ

ကျောင်းကုန်း မတ် ၉

ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူရှင်များဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၁ဝ နာရီက ဇရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မိုးပြာအရှေ့ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျင်းပသည်။

ပေးအပ်

ဆက်လက်၍ ပညာရေးအလှူရှင်များကို ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခြင်းနှင့် ပညာသင်ဆုများပေးအပ်ရာ သူငယ်တန်းမှ သတ္တမတန်းအထိ ပညာရည်ချွန်ဆု ရရှိသည့် ကျောင်းသားကျောင်းသူများအား မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေ၊ လက်ထောက်ပညာရေးမှူး ဦးမောင်မောင်အေး၊ ဦးလှထွဋ်၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဆွေနှင့် ကျောင်းအုပ်ဆရာကြီး ဦးသန်းရီတို့က အသီးသီး ပေးအပ်ကြသည်။

ဂုဏ်ပြုလက်မှတ်ပေးအပ်

ထို့နောက်ပညာရေးဆိုင်ရာ အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များပေးအပ်ရာ ကျောင်းခြံစည်းရိုး အလှူရှင် ဦးသိန်းမောင်-ဒေါ်တင်လှ (ရွှေလမင်းဆေးလိပ်ခုံ)က ငွေကျပ် တစ်သိန်း၊ ဦးဝင်းမြင့်-ဒေါ်လှသွယ်၊ သမီး မအေးမြတ်သူက ငွေကျပ်တစ်သိန်း၊ ဦးပြည်တော်နှင့်ဇနီးက ငွေကျပ်ငါးသောင်းတန်ရေတံကင်တစ်လုံး၊ ဦးစန်းလှိုင်-ဒေါ်ရွှေမြင့်မိသားစုက ငွေကျပ်နှစ်သောင်းလေးထောင်တန် တိုင်ကပ်နာရီရှစ်လုံး၊ ဦးခင်ထွန်း-ဒေါ်တင်မြက ငွေကျပ်သုံးသောင်းတန် ဗွီစီဒီစက်တစ်လုံး၊ ကျောင်းသားမိဘနှင့် ရွာသားများက ကျောင်းခြံစည်းရိုးအတွက် ငွေကျပ်နှစ်သိန်းငါးသောင်း၊ ဦးကြည်ဝင်း-ဒေါ်ခင်ညွန့် (အောင်ဆန်းကွက်သစ်)က ငွေကျပ် သုံးသောင်း စသည့်အလှူရှင်များကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က ဂုဏ်ပြုလက်မှတ်များ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၅၄)**

မော်လမြိုင်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး

ရန်ကုန် မတ် ၂၂

မော်လမြိုင်အသင်း(ရန်ကုန်) ၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ အသက် ၈ဝနှစ်နှင့်အထက် အသင်းဝင် ဘိုးဘွားများ ပူဇော်ပွဲ၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးနှင့် အောင်မြင်သော အသင်းဝင် မိဘများ၏ သားသမီးများနှင့် နိုင်ငံတော်က ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ရ အသင်းသား အသင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဧပြီ ၆ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်အောက်ပစ္စယာရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

ကန်တော့ခံ သက်ပြည့်ဘိုးဘွားများ၊ ဂုဏ်ထူးရ အသင်းဝင်မိဘများ၏ သားသမီးများနှင့် ပညာသင်ထောက်ပံ့ကြေးဆုအတွက် ပညာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုသူများသည် ဖော်ပြပါ ပုဂ္ဂိုလ်များသို့ မတ်၂၅ရက် နောက်ဆုံးထားပြီး ဆက်သွယ်ကြရမည် ဖြစ်သည်။

အသင်းနှင့်အကြောင်းကြောင်းကြောင့် ကင်းကွာနေသည့် အသင်းသား အသင်းသူများသည် အသင်းရုံးအဖွဲ့မှူးထံ အမြန်ပြန်လည် ဆက်သွယ်ကြပါရန်နှင့် ဥက္ကဋ္ဌ ဦးရွှေဘော် ဖုန်း-၅၄၁၇၅၅၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်သန်း ဖုန်း-၅၅၇၂၇၈၊ ဒုတိယဥက္ကဋ္ဌ(အတွင်းရေးမှူး) ဦးမောင်မောင်ဝင်း ဖုန်း-၃၈၅၉၅၆၊ ဘဏ္ဍာရေးမှူး ဦးကျော်မင်း ဖုန်း- ၂၉၃၆၈၃၊ စည်းရုံးရေးမှူး ဒေါ်ခင်နွယ် ဖုန်း- ၆၅ဝဝ၉၃နှင့် အသင်းရုံးအဖွဲ့မှူး ဦးလှရွှေ ဖုန်း- ၂၅၆၁၅၇တို့သို့ ဆက်သွယ်ရန်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကြီးကြပ်ဆောင်ရွက်

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးရွာချင်းဆက်လမ်းများ ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိရာ ကြံတော-ဆူးတပ်-ဘိုကတော်ကျေးရွာသွားလမ်းအား မြေသားလမ်းမှ ကျောက်ချောလမ်းခင်းခြင်းကို ဇန်နဝါရီ ၅ရက်က အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးထွန်းဇော်ချစ်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်သူဝင်း ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကြည့်ရှုစစ်ဆေး

ဖေဖော်ဝါရီ ၁၈ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုနှင့် ပြည်နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်သန်းတို့ တောင်ကြီးမြို့ ဗိုလ်ချုပ်လမ်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စွန့်ပစ်အမှိုက်များအား အီးအမ်ဘိုကာရှီကိုအသုံးပြု၍ သဘာဝမြေဆွေးပြုလုပ်ပုံကို ကြည့်ရှုစစ်ဆေးစဉ်။

(ပြည်နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်မှု ကွင်းဆင်းစစ်ဆေးဆောင်ရွက်

ရန်ကုန် မတ် ၂၂

ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက်ထားရှိသော ရေဂါလန် ၃ဝဝဝဆံ့ မီးသတ်ရေကန်ကို မတ် ၁၉ရက်က အမှုဆောင်အရာရှိ ဦးထင်အောင်ဦး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဇင်မာမြင့်က ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကလော၌ ကန်ရေပေးရေး ဆောင်ရွက်

ကလော မတ် ၁၂

ကလောမြို့ ရေအေးကန် ရေပေးရေးလုပ်ငန်းမှ ရှစ်လက်မ မိန်းပိုက်ဖြတ်သန်းရာလမ်းကြောင်းအား ဖေဖော်ဝါရီ၁ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်းနှင့်အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့က ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မီးဘေးအန္တရာယ် အစဉ်သတိပြု ကာကွယ်

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းပဲတန်းရပ် အရှင်နန္ဒဝံသ ဆရာတော် အရှင်မြတ်အား သာသနာပြုကိစ္စအဝဝဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်း စံပြကျေးရွာ အရှေ့ကွင်းအမှတ် ၄၉၈ အမှတ် ၁၅/၁ ဧရိယာ ဖြဒသမ၈၃ ခြံမြေအကျယ် ၂၄၃ပေ x ပေ၁၂၀ရှိသော ခြံမြေကွက်ကို မော်လမြိုင်မြို့ မြေထဲကျောင်း ဆရာတော် ဘဒ္ဒန္တ ဣန္ဒက (ပုသိမ်) (အဖ) ဦးစိန်မောင်–(အမိ) ဒေါ်ပါကင့ုစန္ဒာ၊ အစ်ကို အစ်မများဖြစ်ကြသော (ဦးတင်သိန်း)–ဒေါ်ရွှေမိသားစု၊ ဦးလှထွန်း–ဒေါ်တင်တင်ဝင်း မိသားစု (ထွန်းစက်မှုလက်မှု)၊ ဦးအောင်မြင့်–ဒေါ်ခင်မေ၊ ဦးမောင်တိုး–ဒေါ်ဝင်းကြည်၊ ဦးအောင်မြင့်–ဒေါ်မြတ်ခန့်တို့အား အမှူးထား၍ ဦးကြည်စန်း–ဒေါ်စန်းစန်းရင်၊ ဦးမြင့်စိုး– ဒေါ်အေးမြင့် (ရွှေမမ–စိန်ရွှေရတနာဆိုင်)၊ ဒေါ်မြင့်မြင့်ကျော်တို့က ဖေဖော်ဝါရီ၃ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကြေးပိဋကတ်တော်ပြုလုပ်ရန် ကြေးပြားများလှူဒါန်း

ရန်ကုန် မတ် ၂၃

အဘိဓမ္မာပိဋကဝင် ပဋ္ဌာန်းပါဠိတော်ကျမ်းအတွက် ကြေးပြားများကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဗဟန်း ကိုယ့်မင်းကိုယ့်ချင်းလမ်း မင်္ဂလာတိုက်ကျောင်း ပဓာနနာယက ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ စမ်းချောင်း ချမ်းသာလမ်း အမှတ်၁၉–ငါးလွှာနေ ဦးအေးဆွေ–ဒေါ်ခင်အေးကြွယ်မိသားစုက ကြေးပြား ၁၀ချပ်၊ အမှတ်၁၉–သုံးလွှာနေ ဒေါ်တင်တင်အေး၊ သမီးမကေသီအောင်မြင့် မိသားစုက ကြေးပြားတစ်ချပ်၊ အနောက်ရန်ကင်း တိုက်(၃၃၅) အခန်း ၁၂နေ ဗိုလ်မှူးသာဒင်(လေ)–ဒေါ်ခင်အေးကြည်၊ သားခွန်တင်လတ်နှင့်မြေးများက ကြေးပြားငါးချပ်၊ ပုဇွန်တောင်မြို့နယ် အနော်ရထာလမ်း အမှတ် ၉/၁၇ အခန်း ၁၇ နေ ဦးလှရွှေ–ဒေါ်တင်နု၊ သမီးမသဇင်လှမိသားစုက ကြေးပြားငါးချပ်၊ ရှစ်မိုင်သီရိမင်္ဂလာလမ်းသွယ် အမှတ် ၁၄၉ နေ ဦးပြုံးမောင်မောင်–ဒေါ်ခင်သီတာထွန်း၊ သမီး မခင်ပန်းနုပြုံး၊ မခင်နှင်းပွင့်ပြုံး၊ သားချားလ်စ်၊ မြေးဗိုလ်ပြုံး(ခ) ထာဝရထွန်းမိသားစုက ကြေးပြားသုံးချပ်၊ စမ်းချောင်း ခေမာလမ်း အမှတ် ၂(က)နေ ဒေါက်တာတင်မာဦးက ကြေးပြားတစ်ချပ်၊ သဃ်္ဃန်းကျွန်းလေးဒေါင့်ကန်ရပ် ရိပ်သာလမ်း အမှတ်၁၀၂နေ ဦးအောင်ဖေယျက ကြေးပြားတစ်ချပ်၊ သုဝဏ္ဏ ၂၄ ရပ်ကွက် ဘော်စင် လမ်းသွယ်–၁ တိုက်(၂၁) အခန်း ၄ နေ ဖခင်ဦးသိမ်း (အသက် ၈၀ ပြည့်)နှင့် သားမောင်ဇော်ထွန်း (အသက် ၃၅ နှစ်ပြည့်) မွေးနေ့အတွက် ကြေးပြားတစ်ချပ်၊ ဦးခင်မောင်၊ သားမောင်မြင့်သူတို့က ကြေးပြားတစ်ချပ်၊ ရှစ်မိုင် ရွှေနှင်းဆီလမ်း အမှတ်(၇၁၈/စီ)နေ ဦးနေထွန်း၊ သားဗိုလ်ကြီးမျိုးထွန်းအားရည်စူး၍ ဒေါ်တင်တင်နှင့်သားသမီး၊ မြေးတစ်စုတို့က ကြေးပြားတစ်ချပ်၊ တောင်ဥက္ကလာ ၁၄/၂ရပ်ကွက် ဇီဝစိုးလမ်း အမှတ် ၂၀၄/၁ နေ ဦးထွန်းလွင်–ဒေါ်အုန်းမြ မိသားစုက ကြေးပြားတစ်ချပ်၊ ရန်ကင်း(၇)ရပ်ကွက် ငွေလမင်းရိပ်သာ ကမ္ဘာအေးဘုရားလမ်း အမှတ်၅၆/အေနေ ဦးကျော်ညွှန့် (၇၇ နှစ်ပြည့်မွေးနေ့အလှူ)–ဒေါ်မြမြမိသားစုက ကြေးပြားတစ်ချပ်၊ ကျောက်မြောင်း မြို့သစ် ၃လမ်း အမှတ် ၅နေ ကျေးဇူးရှင်ဖခင်ကြီးဦးရွှေဖံဦး(သုံးနှစ်မြောက်)အား ရည်စူး၍ ဒေါ်မအေးနှင့်သားသမီး၊ မြေးများက ကြေးပြားတစ်ချပ်၊ ဒေါ်မြခိုင်ဦးအား ရည်စူး၍ (ဦးရွှေဖံဦး)–ဒေါ်မအေးမိသားစုက ကြေးပြားတစ်ချပ်၊ သားကြီးမောင်သိန်းထွန်းနှင့် သားထွေးမောင်သန်းထွေးအား ရည်စူး၍ (ဦးရွှေဖံဦး)–ဒေါ်မအေးမိသားစုက ကြေးပြားတစ်ချပ်၊ မင်္ဂလာတောင်ညွန့် အောင်သပြေလမ်း တိုက်၃ အခန်း ၃၀၂နေ ဦးနုအောင်–ဒေါ်သင်းသင်းယု၊ သားမောင်နိုင်ထွန်း၊ မောင်မျိုးကိုကို၊ မောင်ဖြိုးကိုကို မိသားစုက ကြေးပြားတစ်ချပ်၊ မောင်နိုင်ထွန်း (ခေတ္တ–ဩစတြေးလျ)က ကြေးပြား တစ်ချပ်၊ အလုံသရဖီလမ်း အမှတ် ၁၁ (ဘီ)နေ ဒေါက်တာသိန်းထွန်းကျော်အား ရည်စူး၍ ဒေါ်အေးစိန်၊ သားမောင်ဉာဏ်ကျော်–မချိုချိုဝင်း၊ မြေးမယွန်းစန္ဒီကျော် မိသားစုက ကြေးပြားတစ်ချပ်၊ လသာ ဗိုလ်ရွှေလမ်း အမှတ် ၁၂၆ (ပထမထပ်)နေ ဖခင်ဦးသန်းငွေအား ရည်စူး၍ သားမောင်လှငွေ မိသားစုက ကြေးပြားတစ်ချပ်၊ ဖခင် ဦးကောက်–မိခင်ဒေါ်သီအားရည်စူး၍ သားကိုကျန်စိန်မိသားစုက ကြေးပြားတစ်ချပ် အသီးသီးလာရောက်လှူဒါန်းကြကြောင်း သိရသည်။ **(က–ပ)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပေါင်းတည် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော သပြေကုန်း–ကညွတ်ကွင်း မြေနီလမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၁၇ရက် နံနက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကိုကိုက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် အမှုဆောင်အရာရှိ ဦးဝင်းမော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇–၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီး စီးခဲ့သော ဇီးပင်ဝဲ–ကျွန်းကလေး ကျေးရွာဝင်လမ်းအား ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို မတ်၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာအုပ်

စာပေ

လှူမိတ်ဆွေ

ပေးအပ်လှူဒါန်း

ရေနံချောင်းမြို့ အထက(၁)တွင် ဆရာတော် အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) မတည်၍ လှူဒါန်းဆောက်လုပ်လျက်ရှိသော ရွှေပါရမီကျောင်းဆောင်သစ်အတွက် ရေနံချောင်းမြို့ မိတ်ဆွေကောင်းပရဟိတအဖွဲ့မှ လှူဒါန်းငွေကျပ် တစ်သိန်းကို ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဝင်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဇီဝိတဒါန အလှူရှင်များ မော်ကျွန်း၌ စုပေါင်းရေစက်ချပွဲ ကျင်းပ

မော်လမြိုင်ကျွန်း မတ် ၁၉

မော်လမြိုင်ကျွန်းမြို့နယ် အတွင်းရှိ ကျွဲနွားများအား ဇီဝိတဒါနလှူဒါန်းသော အလှူရှင်များ၏ စုပေါင်းရေစက်ချပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၉နာရီက မော်လမြိုင်ကျွန်းမြို့ ကမ်းနားကျောင်းတိုက် ရာပြည့်ဓမ္မသာလာ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ဇီဝိတဒါနအလှူရှင်

အခမ်းအနားသို့ တိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်)၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တကောဝိဒ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)နှင့် မြို့နယ်သံဃနာယက ဆရာတော်များ ကြွရောက်တော်မူကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းမှ ဇီဝိတဒါန အလှူရှင်များ တက်ရောက်ကြည်ညို၍ ပူဇော်ကြပြီး ဇီဝိတဒါန အလှူရှင်၁၉၀တို့၏ စုပေါင်းလှူဒါန်းငွေကျပ် ၅၃သိန်းကျော်အား ရေစက်ချအနုမောဒနာတရားတော်ကိုရွှေရတုတိပိဋကဓရ ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (မော်ကျွန်း ဆရာတော်)က ဟောကြားချီးမြှင့်တော်မူသည်။

အသက်ကယ်တင်

ထို့နောက် မြို့နယ်ဇီဝိတဒါနအလှူရှင်များလှူဒါန်းထားသော အောက်ဆီဂျင်ဘူးနှင့် မြွေဆိပ်ဖြေဆေးများဖြင့် လူနာများအား ဆေးဝါး ကုသခဲ့ရာ မြွေဆိပ် ဖြေဆေးဖြင့် အမျိုးသား၊ အမျိုးသမီး လူနာခြောက်ဦးတို့အား မြွေကိုက်၍ အသက် ဆုံးရှုံးခြင်းမှ အသက် ကယ်တင်နိုင်ခဲ့သည်ဟု သိရသည်။

(၁၄၂)

မီးဘေးသင့် အိမ်ထောင်စုများအား ထောက်ပံ့

နေပြည်တော်ပျဉ်းမနား မတ် ၁၈

နေပြည်တော် လယ်ဝေးမြို့ မီးဘေးသင့် အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မတ်၁၅ရက်က အင်ဘုကျေးရွာဘုန်းတော်ကြီး ကျောင်းတိုက် ဓမ္မာရုံတွင် ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (ဌာနချုပ်) ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူး(စီမံ) ဗိုလ်ကြီး အုန်းမြင့်(ငြိမ်း)၊ နေပြည်တော်ပျဉ်းမနားခရိုင် ဦးစီးမှူး (ဒုတိယတန်း) ဦးတင်မောင်ဝင်း၊ နေပြည်တော်ပျဉ်းမနားမြို့နယ် ဒုတိယတပ်ရင်းမှူး တင်မောင်ဝင်း၊ နေပြည်တော်ပျဉ်းမနားမြို့ ဒုတိယတပ်ရင်းမှူး ညီငယ်နှင့် တပ်ဖွဲ့ဝင်များက ပစ္စည်း ၂၁မျိုး၊ မီးဘေးသင့်အိမ်ထောင်စု ၃၃၁အိမ်အတွက် တစ်အိမ်ထောင် ငွေကျပ်သုံးသောင်းခွဲဖြင့် စုစုပေါင်း ငွေကျပ် ၁၀၅သိန်းနှင့် ပြည်ဝင်မီးဘေးသင့် ၄၃အိမ်အတွက် စုစုပေါင်း ငွေကျပ် ၁၄သိန်းတို့အား ကူညီထောက်ပံ့ပေးကြသည်။ **(ဝဲပုံ)** **(၀၉၉)**

ကာကွယ်ရေးဝန်ကြီးဌာန မှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ပြပွဲ-၂၀၀၈ ဖွင့်ပွဲအခမ်းအနား အပြီး ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

နောက်ဆုံးပေါ်အိုင်တီနည်းပညာနှင့် ထုတ်ကုန်ပစ္စည်းများ မြင်တွေ့ရမည့်

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ – ၂၀၀၈

သတင်းဆောင်းပါး - မိုးမြင့်လင်းလက်
ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၃

အိုင်တီနည်းပညာသည် နေ့စဉ် တိုးတက်ပြောင်းလဲနေသည်။ အိုင်တီနည်းပညာဖွံ့ဖြိုးတိုးတက်လာသည့်နည်းတူ နိုင်ငံတကာ၌ အိုင်တီထုတ်ကုန် ပစ္စည်းသစ်များလည်း မပြတ်တမ်း ထွက်ပေါ်လာလျက်ရှိရာ မြန်မာ့အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေမည့် **“မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ-၂၀၀၈”**ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၂၃ ရက် နံနက် ၈ နာရီခွဲက စတင်ဖွင့်လှစ်ရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

စည်ကား

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ-၂၀၀၈ကို မတ် ၂၃ ရက်မှ ၂၅ ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ရာ ပြပွဲစတင် ဖွင့်လှစ်သည့်နေ့မှာပင် ပြပွဲခန်းမကြီးတစ်ခုလုံး လာရောက်လေ့လာကြည့်ရှုအားပေးသူများနှင့် ပြည့်ကျပ်စည်ကားလျက်ရှိသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ●

မြန်မာ့အလင်း (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

❐ တပ်မတော် အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော ပညာရေးကဏ္ဍ

စာ – ၇

ဖွံ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်မည့် တပ်မတော်

❐ တပ်မတော်၏ သမိုင်းသည် စစ်ရေးသမိုင်းမျှသာမက လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ လွတ်လပ်ရေးကာကွယ်မှုသမိုင်း၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးသမိုင်းလည်း ဖြစ်သည်။

ခိုင်ထက်အောင်၏ ဆောင်းပါး (စာ– ၈၊ ၉)

❐ အခန်းဆက်တာဝန်

စိုးမိုး(ပုသိမ်)၏ ကဗျာ (စာ–၉)

❐ တစ်လှေတည်းစီး တစ်ခရီးတည်းသွား

ကောင်းထက်၏ ကာတွန်း (စာ–၉)

ပြည်သူများနှစ်သက်သဘောကျစေမည့် သစ္စာမော်ကွန်း (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ထုတ်လွှင့်မည်

သတင်းမြင်ကွင်း – မောင်မောင်မြင့်ဆွေ ● ဓာတ်ပုံမှတ်တမ်း – တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၃

တပ်မတော်သားတို့၏ စွန့်လွှတ်စွန့်စားမှုများ၊ ပြည်သူတို့နှင့်တစ်သားတည်းရှိမှုများကို စိတ်ဝင်စားဖွယ် ဖော်ကျူးရိုက်ကူးထားသော (၆၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်းဖြစ်သည့် **“သစ္စာမော်ကွန်း”**ကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့က မတ် ၂၆ ရက်၌ ထုတ်လွှင့်ပြသတော့မည်ဖြစ်သည်။

ရိုက်ကူးပြီးစီး

“သစ္စာမော်ကွန်း” ရုပ်မြင်သံကြားဇာတ်လမ်းကို ဒါရိုက်တာညိုမင်းလွင်၊ ဝတ္ထုဇာတ်ညွှန်း ဗိုလ်ကြီးတင်အောင်စိုး ကလောင်အမည် တင်အောင်စိုး(ပန်းမြို့တော်)က ရေးသားပြီး သူထူးစံ၊ သက်မွန်မြင့်၊ သဇင်၊ မင်းဟိဏ်း၊ ပြေတီဦး စသည့် ရုပ်ရှင်သရုပ်ဆောင်ပေါင်းများစွာဖြင့် ရိုက်ကူးပြီးစီးခဲ့ပြီဖြစ်သည်။

ငြိမ်းချမ်းရေး

ထို့ကြောင့် မကြာမီထုတ်လွှင့်တော့မည့် **“သစ္စာမော်ကွန်း”**ရုပ်မြင်သံကြားဇာတ်လမ်း၌ ဝတ္ထုဇာတ်ညွှန်းရေးသားသူ တင်အောင်စိုး(ပန်းမြို့တော်)နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ *စာမျက်နှာ ၉ ကော်လံ ၅* ■

“သစ္စာမော်ကွန်း”ဇာတ်ကားမှ ဇာတ်ဝင်ခန်းရိုက်ကူးနေမှုကို ဤသို့တွေ့ရသည်။